www.burmeseclassic.com

ဝေသာလီ ဖမောင်ဖုန်း

# ဘားဆိုးစင်

အသိထွက်ဇာတ်ဝတ္ထု

ကာလသတ္တိုးသား



www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

အသံထွက် ဇာတ်ဝတ္ထု

ဝေသာလီ · ယောင်ဖုန်း ၏

# ဘဘားဆိုးဖခင်

(ကာလ · သတ္တိသား)



မေတ္တာရိပ်မြုံ စာပေတိုက်

စာအုပ်စဉ် (၂)

၁၉၇၆-ခု၊ စက်တင်ဘာလ

www.burmeseclassic.com

www.burmeseclassic.com

| | | |
|---|---|---|
| ထုတ်ဝေသူ | .... | ဝေသာလီ မောင်ဖုန်း (၀၁၃၇၉)၊ မေတ္တာရိပ်မြုံ [illegible]၊ အမှတ် ၂၁၆၊ ငါးထပ်ကြီးတောင်[illegible] ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | .... | ဦးလှညွန့်မျိုး၊ မြ-၀၂၁၁၆၊ ရွှေဥဒေါင်း စာပုံနှိပ်တိုက် ၁၁၉၊ ၃၈လမ်း ရန်ကုန်မြို့။ |
| ထုတ်ဝေသည့်အကြိမ် | .... | ပထမအကြိမ် |
| ထုတ်ဝေသည့်လ | .... | ၁၉၇၆ခု၊ စက်တင်ဘာလ |
| မျက်နှာဖုံးနှိပ် | .... | ဆန်းညွန့်ဦးပုံနှိပ်တိုက်၊ အမှတ် ၁[illegible] ဗိုလ်ချုပ်လမ်း၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးနှင့် အတွင်းဘလောက် | .... | ကော်မာရှယ်ဘလောက်တိုက်၊ အမှတ် ၃၃၁၊ ဗိုလ်ချုပ်လမ်း၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးနှင့် အတွင်းပန်းချီများ | .... | ပန်းချီအောင်စိုး |
| တန်ဖိုး | .... | နှစ်ကျပ် |
| အုပ်ရေ | .... | ၅၀၀၀ |

ဝေသာလီ မောင်ဖုန်း ၏

# သားဆိုးဖခင်

ကာလသတ္တိသား အသံထွက်ဇာတ်ဝတ္ထု

**အသံထွက်ဇာတ်ဆိုသည်မှာ**

အသံထွက်ဇာတ်ကို၊ စာပေအဖြစ် မှတ်တမ်းတင်ခဲ့သည်မှာ ဒုတိယအကြိမ်မြောက် ရောက်ခဲ့ပါပြီ၊ ပထမစာအုပ်မှာ "ပဋိသိခ" အသံထွက်ဇာတ် ဖြစ်ပါသည်။

**အသံထွက်ဇာတ်**

ဟူ၍၊ စာပေလောကတွင် အမည်သစ်တင်ရခြင်းအကြောင်းကို ပထမအုပ်တွင် ဖေါ်ပြပြီးခဲ့ပါပြီ။

"အသံထွက်ဇာတ်" ဟူသည်မှာ "ကွက်စိပ်စာပြော" ပင်ဖြစ်ပါသည်၊ ကျွန်တော်ကိုယ်တိုင် အဓန္တဝါသိကဆရာရင်း (ခုံမင်းကြီးဦးကျော်)ထံ နည်းနာမှီး၍ ရအပ်သောပညာဖြင့်၊ ကိုယ်တိုင်ရေးသားကာ မြန်မာ့အသံမှ အသံလွှင့်ထုတ်ခဲ့သော၊ စာပြောကွက်စိပ်များကို၊ စာပေအဖြစ် မှတ်တမ်းတင်လိုသည်မှာ ကြာမြင့်ခဲ့ပါပြီ၊ ယခုမှ အခွင့်သာပါတော့သည်။

ဤ "သားဆိုးဖခင်" ဇာတ်သည်၊ မိခင်၏အလိုလိုက်မှုဖြင့် လမ်းသရဲဖြစ်နေသော သူဌေးသား "ကာလသတ္တိသား" ကို ဖခင်ဖြစ်သည့် အနာထပိဏ်သူဌေးကြီးက၊ မည်သို့မည်ပုံ စည်းရုံး၍ချတ်ခဲ့ပုံကို ခေတ်နှင့်အညီ လူမှုရေးပုံပြင်ပြောင်းလဲ ပညာပေစာပေအဖြစ် စိတ်ဝင်စားဘွယ်ရာ ပန်းချီရုပ်ပုံများ ဝေဝေဆာဆာဖြင့် တင်ဆက်ရခြင်း ဖြစ်ပါကြောင်း။

စာရေးသူ
ဝေသာလီ မောင်ဖုန်း

www.burmeseclassic.com

www.burmeseclassic.com



## ရတနတ္တယ ပဏာမ

"နမော တဿ။ ဘဂဝတော။ အရဟတော။
သမ္မာသမ္ဗုဒ္ဓဿ"

မဟာကာရုဏိကံ သေဋ္ဌံ မဟာပညံ နရာသဘံ။
ဗုဒ္ဓံ ဓမ္မဉ္စ သံဃဉ္စ၊ ဝိပ္ပသန္နေန စေတသာ။
ဝန္ဒာမိ ဝန္ဒနာမာန၊ ပူဇာသက္ကာရ ဘာဇနံ။

အဟံ။ ။တပည့်တော်သည်။ မဟာကာရုဏိကံ။ ။ကြီးမြတ်စွာသော ကရုဏာ ရှိတော်မူထသော။ သေဋ္ဌံ။ ။ချီးမွမ်းအပ်သောပုဂ္ဂိုလ်ထက် အထူးသဖြင့် ချီးမွမ်းအပ်တော်မူထသော(၀၇) သုံးဆယ့်နှစ်ပါးသော ဗောဓိပက္ခိယတရားကို ရှာမှီးတော်မူတတ်ထသော။ မဟာပညံ။ ။ကြီးမြတ်သော ပညာရှိတော်မူတတ်ထသော။ နရာသဘံ။ ။လူတကာတို့အား အသဘကြီးဖြစ်တော်မူထသော။ ဝန္ဒနာမာန ပူဇာသက္ကာရဘာဇနံ။ ။ရှိသေမြတ်နိုး ရှိခိုးပူဇော် ကော်ရော်တုပ်ကွ သက္ကာရတို့၏ တည်ရာဖြစ်တော်မူထသော။ ဗုဒ္ဓဉ္စ။ ။ဘုရားသခင်ကိုလည်းကောင်း။ ဓမ္မဉ္စ။ ။ဆယ်ပါးသော တရားတော်မြတ်ကိုလည်းကောင်း။ သံဃဉ္စ။ ။သံဃာတော်မြတ်များကိုလည်းကောင်း။ဝိပ္ပသန္နေန။ ။ကြည်ညိုလှစွာမြတ်စေတနာဖြင့်။ဝန္ဒာမိ။ ။ရှိသေမြတ်နိုးလက်စုံမိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့၊ ကန်တော့ပါ၏ အရှင်ဘုရား။

ဂုဏ်သတင်းအထူးဖေါ်ရလျှင် ခုံမင်းကြီးဦးကျော်။အဖိုးဆရာ ထံ နည်းခံမှတ်သား။ စာသားထိုထို ပိုလိုမရှိ ကျမ်းနှင့်ညီ ဦးလေးတော် အနုတ္တာဆရာလှ မပြတ်အခါခါပြသို့။ သင်ကြားနာယူ ဆည်းပူးလေ့လာရသောဆရာများကို တရားမကွ အသိမျိုးနှံ့ ရှိခိုးလိုက်ပါသည်ခင်ဗျား။ ။

www.burmeseclassic.com

www.burmeseclassic.com

## စကားချီး

ကာလသတ္တိုသား အဆိုးအညစ်ကလေးဟာ၊ အကျိုး ဖြစ်ခါ တမင်တဖိုလ်ဆိုက်သည့် သာဓကဇာတ်သွား မှတ်သားဘို့ သားရှင်၊သမီးရှင် လုပ်သားပြည်သူ အများတို့အား ပြေမြန်မဟီ အမှောင်မဖုံးရအောင် စေတနာ အရှည် နှောင်မဆုံးပါဘူး ကျွန်တော်ဝေသာလီမောင် ဖုန်းက မြန်မာ့လေလှိုင်းသံမှ ပြေတိုင်းနဘ အများ ခပင်းတို့အား နားသွင်းဘို့ တင်ဆက်လိုက်ရပါကြောင်း သောတရှင်အပေါင်းတို့ခင်ဗျား။

ဒါကြောင့် ပညာမနှင့် ဂါရဝအခြေတည်ပြီး ပြေမဟီက တော့ သာဝတ္တိပါဘဲ၊ လောကသနင်း ကောသလမင်းကြီး၏ အလှူနိုင်တရာခင်မင်ရင်းနှီး သူဌေးကြီး သဘာအရှိန် မသေး တဲ့ အနာထပိဏ်သူဌေး (သုဒတ္တ)ကျောင်းတကာ ဇေတဝန်ရသူ၏ သားရှုတ်နာကို ဘုရားဘဂဝါ ကယ်တင်သဖြင့် အပါယ်ပင် အမြစ်ပြတ်လို့ ကျွတ်တန်းဝင်သူ "ကာလသတ္တိုသား" ဇာတကကို ပမာပြုကာ မှတ်တမ်းတင်ပါတော့မယ် ဇာတ်လမ်းတွင် ယခုလို ရှိပါကြောင်း သောတရှင်အပေါင်း သူတော်ကောင်းတို့ခင်ဗျား။

ကာလသတ္တိုသား အဆိုးအညစ်ကလေးဟာ အဆန်းတကာတဲ့ ထွင်လိုက်တာလမ်းသရဲအသွင်အချိုးနဲ့ကျလိုက်ပုံကအဆိုးဘဝတွင် အပေါင်းအဖော်တစုတို့နဲ့ မကောင်းသနော်အမှု ထင်သလိုပြုပြီး လမ်းမပေါ်မှာ အရှက်အကြောက်ကင်းမဲ့မှုနဲ့ အရမ်းထအော်ခါ သံသေးသံကြောင်နှေ့ညမရှောင် တွေ့သမျှ အမျိုးသမီးကလေး တွေလှောင်ပြောင်ပြီး ကြောင်တောင်တောင် မျက်နှာထားနဲ့ အခက်တရားမရှိ ခက်မျှားခက်ပါဘိတော့ အရပ်ကတို့ရေ။

www.burmeseclassic.com

# အခန်း ၁

(မာလာ) ဟေ့သီတာ ညီးငနဲ၊ဆံရှေကိုယ်တော်ဟာ ဘရမ်းဘတာနဲ့ လမ်းတကာဘရွတ်ကျပြီးရှုပ်သမျှမကောင်းသတင်းတွေ သောင်းတွင်းမှာ ဝေဖြာလို့ ရှက်စရာကောင်းနေပါပေါ့လား။

(သီတာ) အို တော်ပါအေ မတော်တာ ကျောင်းပို့ဆိုသလို ကျုပ်ဘက် မလှည့်ပါနဲ့ အဟုတ်ခက်တဲ့ ငနဲ ပါ ဘဲအေ ကျုပ်ကမပြောချင် လို့နေတာ ဟိုတနေ့က အိမ်ဘေးလမ်း သော်ကပင်အောက်မှာ ညီးတာ ယောက်ထဲ တေးသီလို့ အမျှော် စိုက်နေတာကို ကျုပ်မသိဘူးမှတ်လို့လား ဘာ့ာတဲ့ ညီးသီချင်းက "ကိုကာလ မပေါ်လာလို့ မျှော်ရသလေး ခု မျှား ဘယ်ဆီသို့ ချီလေသည် မယ်မသိတယ် ဆွေးပူမိသေးလို့" ဆိုပီးတော့ မျက်ရည်ကလေးစမ်းစမ်း၊စမ်းစမ်းနဲ့ ကျုပ်ကနောက်ကနေပြီး ဘာဟမ်းလို့

www.burmeseclassic.com



ချောင်းသံပေးလိုက်တော့ ညီးရှက်ပြီးပြေးလိုက်တာ ခွေးလိုက် တာတောင် မမှီဘူး မဟုတ်လားအေ။

(မိပုလဲ) ဒါပေါ့ ဗိုင်းကောင်းကျောက်ဖိ မိန်းမတို့အိမ်ခြံ ရှေ့ပေးလို့မရ ချစ်သူနဲ့ ကျတော့ကာမှ လူသယ် ခေါင် ထ့က့တယ် ဆိုတာမျိုးပေါ့အေ့။



(မာလာ) တော်ပါအေမိပုလဲတို့ရဲ့ညီးတို့အသံကမာပေမဲ့ကျုပ်တို့အသံကတော့ မမာနိုင်ဘူးတော်ရေ့။

(မိပုလဲ) ဒါနဲ့ သီတာကိုဘာပြုလို့ ညီးက ယိ ရတာလဲအေ။

(မာလာ) ယိတာမဟုတ်ပါဘူးအေ သူငယ်ချင်းမို့ ကစားတာပါ သနားပါတယ်လေ။

(စန္ဒာ) တော်ပါအေ ညီးကစားတာက တရားတာ မဟုတ်ဘူး ပြုတ်မနူး ကလေး မိမာလာ ညီး ကြည်စယ်တာနဲ့ အရပ်ကြားတော့ အဟုတ်ထင် ရှုပ်တယ်လို့ မြင်ပါ့မယ် အမှန် ပြောရရင် ကိုကာလရဲ့ ဖအေ ကကျောင်းဒကာကောင့်းတာ



များမတော့ တူသူမရှိအရှိန်အဝါကျတော့လဲ ပြောရလျှင် ကော်သလ ဘုရင်ကတောင် အရေးထားလို့ လေးစားရတဲ့ ပုဂ္ဂိုလ်ကြီးနှုတ်ချိုပြီး ယဉ်ကျေးလိုက်တာလဲ လွန်ရော။ သူဌေးရယ်လို့ မာနမရှိ ဒါန အရာကြည့်ပါအုံးမလား ဒွန်းစဏ္ဍားနဲ့ အဆွံ့ အ့အ့ တွေ နေ့စဉ်လှူ ဒုက္ခိတ မှန်သမျှ အစဉ်ကျွေး ရှင်ဘုရင်တောင် ငေးရတဲ့ သူဌေးကြီး။ ဝေနီးက ကျော်ကြားအလှူမှာ ရက်ရောလို့ မဂ်သဘောအခြေမပျက်ဘဲ ဇေတဒဂ်စွဲတဲ့ပုဂ္ဂိုလ်ကြီး။ သားကျတော့ကာမှ အများကအော့ နှလုံးနာ၊ရော့- သုံးပါလို့ တရွေးသားမှမစွန့်သူဌေးသားဆိုပြီး လူတကာကိုအနိုင်ကျင့် ဟိုတနေ့ကများ....။



(မိပုလဲ) ဟိုတနေ့ကဘာဖြစ်လို့လဲအေ ဆက်ပြောပါအုံး။

(စန္ဒာဆက်ပြော) နေ့ခင်းကြောင်တောင် မယ် တင့် လက် ကို အတင်းဆွဲ အတင့်ရဲလိုက်တာများ မပြောပါနဲ့တော့ သူပြောပုံက နင့်အသံနဲ့ ငါ့အသံ ရဲရဲကြီးပေါက်ရအောင်တဲ့။

www.burmeseclassic.com

www.burmeseclassic.com



(သီတာ) ကြားမကြားဘူးပေါင်တော်။

(စန္ဒာ) ညီး မကြားဘူးတာ နောက်ထား မယ်တင့်က တော့ကြောက်လုလို့ ရှောင်တာတောင် ကာလနဲ့ အပေါင်းပါ နန္ဒ၊ကံရ၊စံပ တို့ဆိုတဲ့အကောင်တွေက မယ်တင့်ကိုလှောင်လိုက်ကြသေး၊ ကြည့်ပါအုံး အေရယ် သူတို့လှောင်တာက ဟိုကောင်မလေး ခပ်ငယ်ငယ် လုလိုက်တာကွယ် လုလွန်းလို့မနေနိုင် သူလက်ကလေးကိုကိုင်။ အကိုင်မခံဆံတိုလေး ဒို့ကြောက်လို့ပြေးတဲ့အေ့ရဲ့။

(ပုလဲ) ဒီတော့မယ်တင့်ဘယ်လိုဖြစ်သွားလဲအေ့။

(စန္ဒာ) ဘယ်လိုဖြစ်ရမလဲအေ့။ မယ်တင့်ခမျာ။ရှက်ရှက်နဲ့အတင်းရုံးပြီး။ အနားမှာတွေ့တဲ့ ထင်းတုံးနဲ့။ ကောက်ပေါက်လိုက်တာ။ ပေါင်အောက်ချော်သွားလို့တော်သေး။ တဲ့တဲ့သာထိရင်တော့ တွေးသာ ကြည့်ကြပေတော့။ တခါထဲ မသာချရရောအောင့် မေ့လိုက်တယ်။ သီသီကလေးမှ သီသီကလေးရယ်၊ အသဲကိုယားသွားတာဘဲတော်ရေ့။

(သီတာ) အို ဘာပြုလို့ အသဲယားသွားတာလဲမမရဲ့။

(စန္ဒာ) အိုအေ။ ညီးကလဲ။မတော်တာချော်ကာထိရင်မသော်ပါ မသာပေါ်သည်အထိဖြစ်ပီးသားဘဲတော်ရေ့။

(မာလာ) အမယ် မယ်သူတို့က။ ဂိုဏ်းနဲ့တော့။

(ပုလဲ) ဘာဂိုဏ်းလဲအေ့။

(မာလာ) အိုအေ အရိုးကြီးဂိုဏ်းဆိုလား ဘာဆိုလားဘဲ။



(စန္ဒာ) အဲဒီ အရိုးကြီးဂိုဏ်းမို့။တနည်းပြီး တနည်းဝိုင်းနေကြတာပေါ့အေရဲ့၊ ပုံတွေကိုကြည့်ပါလားဆံပင်ကစုပ်ဖွား သွားတော့လဲ ကို့ရို့ကားယား။ ဝတ်ထားတဲ့အဝတ်ကျတော့ ထုပ်ထားသလို။ ဂိုဏ်ကျားဆိုတဲ့ ဒို့အိမ်ကခွေးကမှကြည့်ကောင်းသေး။ ပီးတော့၊ သူ့နောက်က နန္ဒ၊စံပ၊ကံရတို့က မြှောက်ပေးလိုက်သေး ဂုတ်ဝဲကလေးနဲ့ဆံတိုပြတ်၊ အကြံကြပ်ရင်ဒို့နောက်လိုက်ခဲ့တဲ့။

(ပုလဲ) ပုတ်တယ်တော့။ ကျုပ်ကလဲ မပြောချင်လို့ နေတာပါ၊ ဟိုတနေ့က။သင်းတို့နောတသိုက်ဟာ။ကျမတို့မြတ်စွာဘုရားကျောင်းတော်ကအပြန်။ သောင်းကျော်တန် ယာဉ်ရထားကြီးစီးပြီး ကျမတို့အနားဆိုက်ခါရပ်။ ဖျတ်ကနဲဆင်း ကျုပ်လက်တွင်းကပိုးပုဝါကို နန္ဒဆိုတဲ့အဆိုးမသားနှာကောင်က။ ဂန့်ဂျာကြောင် မျက်နှာယားနဲ့ အတင်းဆွဲယူပြီး။ သူပြောပုံက။

ကဲ အမိတဲ့စွဲငြိတဲ့ ကိုယ့်စေတနာကို သေအချာမှတ်ပါတော့တဲ့။ ဆိုပြီး၊ ကျုပ်ပုဝါကို သူကနမ်းတော့။

ကျုပ်တော့ကျောချမ်းပြီး သဘက် အစိမ်းကျသလို။ ကြက်သိမ်းကိုထသွားတာဘဲတော်ရေ။

ပီးတော့ကျုပ် ပုဝါကလေးလုသွားပြီး။ "ဧတော့" သူ့စကားက ဘာမှန်းလဲမသိဘူး။ ကျုပ်တော့ ရှက်

www.burmeseclassic.com

www.burmeseclassic.com



လိုက်တာ၊ သဘက်လိုက်လို့ သေတာထက် ဆိုးသေး ဘုရား....ဘုရား....ဘုရားဒီသတ္တဝါတွေ ကြည့်မနေပါ နဲ့ဘုရား။

(မာလာ) ကိုင်း.... တော်ကြပါတော့ ယမင်းအချောတို့ရေ။ အတင်းပြောဒီမှာရပ်ပြီး။

အပေါင်းအဖော်တို့ ခေါင်းပေါ်ကို ရေအိုးက လေးတင်ပင့်လို့ပေးကြပါအုံး။

နေမညိုးခင် ရေအိုးတွင်ရေဖြည့်ပြီး အိမ်ပြန်လို့ ငစိန်ဆိထမင်းချက်ပြီးဟင်းအတွက်ကတော့ ပုန်းရေ ကျို၊ ငရုပ်တယ့်ကို ဆားများများနဲ့ထောင်း၊ ငါး ကလေးများရသျှင်လဲ။ ပင်စိမ်းနဲ့ ပေါင်းစပ်ရေပြန် ချက်ရအောင် တနေ့ခံအတွက်အချိန်မှီစဖို့ဆောင်ဝင် ဘို့အရေး။ ခွင့်ပေးကြပါအုံးတော်ရေ။



# အခဏ်း ၂

လောက ပြောရလျှင် သောတရှင် အပေါင်းတို့ ခင်ဗျား၊သူဌေးကြီးရဲ့သားကာလတို့အပေါင်းအသင်း တသိုက် မကောင်းသတင်းဆိုက်လို့ ရပ်ကွက်အတွင်း ရှိသမျှ သားရင် သမီးရင်တွေပါမကျန်၊ ခေါင်းချင်း ရိုက်၍ တီးတိုးပြောကြပုံက။

(ဒေါ်သူဇာ) ဘယ် နယ်ဒေါ်အေးမိရယ်၊ရှင့်လို အဖော်ကလေး ရှိတုန်း ပြောပါရစေအုံး၊ ဒေါ်ခြုံသမီး မယ်တင့်ကို သူဌေးကြီးသား ကာလက ခေါင်းဆောင်ပြီး သဘက် သရဲလို လမ်းလယ်မှာ လက်ဆွဲပြီး အရှက်နဲနဲနဲ့ မစား မနာပြောခါ လှောင်လိုက် ပြောင် လိုက်ကြတာ ခေါင်ခိုက်လို့ ရပ်ကွက်အတွင်း ဟိုးဟိုးကျော်နေပါ ပေါ့လား ဒေါ်အေးမိရဲ့။

(ဒေါ်အေးမိ) အောင်မယ်လေး မသူဇာ၊ ဟိုးဟိုးကျော်နေပေမဲ့ တိုးတိုးနော်....တိုးတိုး။


www.burmeseclassic.com



သူဌေးကြီးက အရေးမကြီးဘူး၊ သူဌေးကတော်ဒေါ်သုမနက သူ့သားနဲ့ပတ်သက်လာရင် အတော်ဘုကျတယ်တော့။

ခုဘဝအတွက်တော့ ပြုသမျှအချက်ဟာဖြင့် မမလှ အကုန်ခက်ကြတော့မှာဘဲ မသုဇာရေ။

ဒေါ်သုဇာနဲ့ ဒေါ်အေးမိတို့ကလဲ ဟိုးဟိုးကျေ… နေတဲ့ ကာလတို့သတင်းကိုတိုးတိုးတမျိုး၊ကျယ်ကျယ်တဖုံ၊ ခေါင်းချင်းဆိုင် အပြိုင်ပြောကြတဲ့သတင်းတွေ… သူဌေးကြီးနားပေါက်တော့တာပေါ့ခင်ဗျား။



# အခန်း ၃

သောတရှင်အပေါင်းတို့ခင်ဗျား၊ယခုလို သားဆိုးရဲ့သတင်း အနာထပိဏ်သူဌေးကြီးနား ပေါက်တော့။

ဒီသားတယောက်အတွက် ရှက်လဲ ရှက်၊ဒေါသလဲဖြစ်၊ သားဆိုး သားညစ်ကြောင့် ကြာလာရင် အများတကာပင် သင်းနဲ့ တရားဖြစ်မှာ စိုးလို့၊ ဒီနေ့တော့ကာလ သတို့သားအတွက် သူဌေးကတော်ကြီးနှင့်သမီးတို့ပါ ခေါ်ပြီး….

(သူဌေးကြီး) ကိုင်း…. ဒို့မိသားစု ဝိုင်းဖွဲ့ပြီး ဆွေး နွေး ကြရအောင်။

(သူဌေးကတော်) ဘာ များ လဲ ကိုပိဏ်ရယ်၊ ဟိုအချိန်တွေက ဒီလိုမလုပ်ဘူးဘဲ၊ ကျုပ် တဦးထဲနဲ့ ပီးဘာဘဲဟာ၊ အခုမှ ထူးထူးဆန်းဆန်း ကျုပ်တော့ဖြင့် ရှုးခမန်းဖြစ်သွားတာဘဲ၊ ဘာများအရေးကြီးလို့ သူဌေးကြီးက ခေါ်တာတုန်းရှင့်လို့။

www.burmeseclassic.com

www.burmeseclassic.com



ကတော်မကြီးဟန်လုပ်ခါ အပြုံးဝင့်ပြီးမေးလိုက်တော့ သုဒတ္တ အနာတပိုက်သူဌေးမကိုရှ၊ အတွေးဆိုက်ခါ သဘာအရှိန် အဆုံးဝင့်ပြီး တကုံးတင့်နှစ်ဖေါ်နဲ့၊ ဇနီးကတော် သူဌေးမကြီးကိုကြည့်ပြီး။

(သူဌေးပြော) သားကောလကို ခဝါချဘို့ အားလုံးကို ခေါ်တာဘဲ၊ လော်မာတဲ့ အမဲမိုက်သားကို ရိုက်လားပုတ်လားလုပ်ပြန်လျှင်လဲ၊ အသားတွေ စုတ်ခါသာ မြဲတော့မယ်၊ မဟုတ်မှလွဲရော၊ သတိတရားရမှာမဟုတ်ဘူး၊ ပြုတ်မနူး သင်းနောင်ကြည်အောင် ရှောင်တခင် စစ်ဆင်နည်းနဲ့၊ ဒို့မိသားစု သူ့အပေါ် ခဏ ဝိုင်းပယ်တဲ့သဘောနဲ့၊ သုံးစရာ ဘာမှမပေးဘဲ၊ ယာဉ်ရထားပါ သိမ်း၊ သူစိမ်းပြင်ပြင်လိုထား။

ယာဉ်ရထား ထားတဲ့ဂိုဒေါင်ကို သော့ခတ်ပိတ်၊ အိပ်ဘို့နေရာလဲ မပေးနဲ့၊ ဈေးနဲ့ အရပ်ထဲကဆိုင်တွေကို ပြောထား၊ ဘာယူယူ မပေးဘဲ အကြွေးမရောင်းဘို့ ပြောထား၊ တောက မြို့စား ဒို့လူများကလဲ သင်းအပေါ် အရေးမစိုက် ကြဉ်ခါထားဘို့ စာကမ်း၊ မှာတမ်းက သင်းမကောင်းကြောင်းကိုရေး။

သူဌေးကြီးကိုယ်တိုင် တာဝန်မယူတော့ကြောင်း ပေါ်ကွာ။ သဘောကတော့ ပြောရလျှင် လောကတွင် သင်း ခိုနားစရာမရှိလျှင် နောင်ကြဉ်လာမှာမို့၊ ဘာနည်းတဖုံ စစ်ဆင်နည်းနဲ့ သုံးတာပါ။

ဆုံးမတာ သည်လောက်တောင် ကြမ်းရမလား



လို့ ပြောချင် ပြောတော့၊ ရိုင်းတယ်လို့ မင်းဘို့ ထင်ချင် ထင်ကြမှာဘဲ၊ ဒါပေမဲ့ တာတွေ မခဲ့ဘော့ပါဘူး၊ တာရှည်မှာ ဗျာပွေခါ မိဘကို ဒုက္ခပေးမှာမို့ ခုနှယ်က အပုပ်ချဆေး တိုက်သလို၊ အရိုင်း သူငယ်အား ဝိုင်းပယ်ထားဘို့ ပြောချင်တာပါဘဲ။

ဒါလဲ ကြာရှည်မဟုတ်ပါဘူး၊ ယာယီအလုပ်ပါ၊ ကိုင်း....ဘယ်လိုသဘောရကြသလဲ၊ စောမမ အရှိန်အသွင်ကြွတဲ့ အိမ်ရှင်မ သူဌေးကတော်ကြီးရဲ့၊ မယ်မင်း သဘော၊ တကယ် အတွင်းမနော သိရအောင် ပြောပါအုံး။

ယခုလို သူဌေးကြီးက အရေးတကြီး ပြောလိုက်တော့၊ လောက ပြောရလျှင် ဒေါ်ထတဲ့ အသွင်နဲ့



www.burmeseclassic.com

www.burmeseclassic.com



သားဆိုးမိခင်ပီပီ သူဌေးကတော်ကြီးက အရေးပေါ်နည်း အမိန့်ကို အပြီး ယခု ရုတ်သိမ်းရန် ပြောမပါရောခင်ဗျာ။

(သူဌေးကတော်ကြီး) ဘယ့်နှယ့် ကိုပိဏ်ရယ်၊ နဂိုတည်းက-ကိုယ့်ပုတ္တကလေးပါ။ ရှုပ်သမျှအရေး ဆိုတာကလဲ သည်လောက်မဟုတ်ပါဘူးတော်ရဲ့၊ သူဌေးလုပ်ပြီး အသေးအနုတ် အနာမဲ့ကလေးကို ဇာချဲ့ပြီး သားကလေး အပေါ်မှာ ယခုလို မပြောသင့်ပါဘူး။

သဘာဝထုံးတဲ့တဦးတည်းသောသားကလေး အားပေးမယ်ခတော့မကြံ၊ အရပ်အတွင်းက ပါးစပ်သတင်းကြားရုံနဲ့ သားကို မာန်မဲဘိုဘဲ စဉ်းစားတယ်။

အမှန်တရားပြောရလျှင် လောကတွင် ဘယ်သူများ ကိုယ့်သားသမီးကို ဝိုင်း ပယ် တယ် လို့ ရှင်ကြားဘူးသတုန်း၊ တရားထူးအဆုံး ရှင် ရောက်နေရော့သလားတော်ရေ့။ ရှင်မို့လို့ ပြောရက်ပလေတယ်၊ တောတက်တဲ့ လည်းသမား နွားမပါသလို၊ အလကားဟာကိုဘဲ ပုံကြီးချဲ့၊ ဂုဏ်ကြီးတဲ့သူဌေးကခုလို ပက်ပက်စက်စက်လုပ်နိုင်ပေမဲ့ ကျုပ်ကတော့ မလုပ်နိုင်ဘူး။

ကျုပ်မှာက ကိုးလလွယ်၊ ဆယ်လ ဖွားရသူမို့ အများနဲ့မတူတဲ့ ရှင့်အမိန့်ကို အမြန်ဆုံး ရုပ်သိမ်းဘို့၊ အကြောင်းကံနဲ့ တောင်းပန်ပါတယ်။

ပြောင်းဆန်အောင် အမေပူလှချည် အောင်မယ်



လေး သမီးတို့ရဲ့ ဖေးကူလို့ ပြောပေးကြပါအုံးကွယ်တို့လေး။

(သူဌေးကြီး) အောင်မယ်၊ မင်းတို့မိန်းမတွေ ကိန်းချပြီး ပြောလိုက်ရင် ဒေါတိုက်ကြီး ဝင်လာတော့တာဘဲ၊ ဒီမိသားစုက သားအပေါ် တရားမျှော်ပြီး ဝိုင်းပယ်ဘို့ပါ။

ဝိုင်းပယ်တယ်ဆိုတာကလဲ ယာယီသဘောပါ၊ တာရှည်မပြောပါဘူး။

နောင်ကြဉ်ရုံ ရှောင်တခင်ကုံလာအပြစ် သင်းတွေးမိရင် သူ့အပြစ်တွေ သူမြင်လာပြီး ဆင်ခြင်ခါကြောက်ရွံ့ နောက်တွန့်ပြီး လာမလားလို့ တနည်းကြံတာပါ။

တကယ်လို့ နောင်တရခါ ပြင်လာငေ် မင့်သား သံပုရာက ကြံသကာလို အချိုဖြစ်လို့ ပို ချစ်ရမှာပေါ့ကွ....သူဌေးကတော်ရ ။

(သူဌေးကတော်) အမယ်တော်၊ သားသမီးဆုံးမတာ ဒီနည်းဘဲရှိသလားတော့။

ပြည်ကြီးမှာ ကျုပ်တို့ သားရှင်တွေ အပုံပါဘဲ၊ အလကား တမင် ရှင်မို့လို့ပြောရက်တယ်။ တကယ်တော့ ကျုပ်သားလေးဟာ ဒီလောက် မမိုက်ပါဘူး။

ငယ်ရွယ်သူမို့ အပေါင်းအသင်း တသိုက်နဲ့ ပျော်တာကို လော်မာတယ်လို့ ရှင့်စိတ်က ထင်နေတာပါ။

www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ သူ့ခေတ်နဲ့သူ၊ တောင်းဆိုလာတော့ အပေါင်းအသင်းဆိုတာကလဲ ရှိအုံးမှ၊ ငတိတုံးအဝနဲ့ တကောင်ကြွက်မှ မဟုတ်ဘဲ။ ကြောင်တက်တက်နဲ့ လူဖြစ်ရတာမျိုးတော့မကြိုက်နိုင်ပေါင်။

ပြောမပြော ချင်ပါဘူး တော်၊ သူ ငွေးသွားဘဲဟာ၊ သလောက်တော့ အရေးထားအုံးမှပေါ့။

ခုတော့ ဈေးသွားတဲ့အခါ၊ လူဘာကာနင်းတဲ့ အုတ်လမ်းလို သရုပ်နွမ်းကာ ငတိဘဝကိုတော့ တစိမှ မကြိုက်ဘူးတော်ရေ။

(သူငွေးကြီး)။ ဒေါင်မယ် အုတ်လမ်းလို လူတကာ နင်းမှာ မကြိုက်ဘူးတဲ့။

ဟေ့မင်းသား မိုက် တေူးသရုပ်ဖမ်းပြီး၊ ပချုပ်တန်းမဆိုက်ဘူးလို့ ဘယ်သူကပြောနိုင်မလဲဟင်။

တော်တော်ကြာတော့ခါမှဖေါ်ပြောလို့လဲ မဖြစ်နိုင်။ အတွင်းကျိတ်ကျိတ် မှိုင်ပြီး ညှော်လုပ်ရင်ပြောကြပါဗျိုလို့ မအော်ခင် ညှော်ဝင်ပြီး ကိစ္စတုံးမှာစိုးလို့ပြောတာကွ။

ဒါတင်မကသေးဘူး၊ မင်းသား၊ တူး အမိုက်ဟာဘူးရိုက်ခါ ဆေးအစုံကိုအရေးကုန် သုံးနေတယ်လို့ အများကပြောနေကြပြီ၊

ဒါကြောင့် သားလုအချော၊ သည်အတိုင်းထားလို့မဖြစ်ဘူး။အမြစ်တူးပြီး မိုက်နေရှင်၊မိဘကမဆုံးမ



လို့ တုံးဘဝရောက်ရတာပါကွာလို့ နောက်ခါ ကျတော့အများဆိုကြတော့မယ်။

ဆိုတာကိုဘေးမယ်ထားအုံး၊ အရေးတကယ်ကျတော့ဘယ်သူနာမလဲ။

မယ်မင်းသားတဲ့နာမယ်။

ပြီးတော့ ဘဝတကျောမှာလဲ နစ်မြောကာသံသရာလည်မဆုံးဖြစ်တော့မှာမို့ အပါယ်တုံးမနစ်ရအောင်ဟာ ချစ်လှတဲ့ သားအပေါ် တရားမျှော်ခါ သဘာရှည်အချစ်ကလေးကို ယာယီ အမြစ်ပေးဘိုပါကွယ်။

(သူငွေးကတော်) အမယ်လေး ကိုပိုက်ရယ့်၊ အမြစ်ပေးအရင် မလိုပါနဲ့၊ နဂိုတသိမ်ပုတ္တာကလေးကို ဆုံးမဘို့အရေး ကျွန်တော်မျိုးမ ရှိပါတယ်။

အမိ ဘာတွယ်ဘဲ့ သားကလေးပါ၊ ပတ္တမြားအသွေးသင်းကလေးကို ဆိုစရာရှိရင်လဲ ကျုပ်ဘဲဆိုပါရစေ။ ဆုံးမစရာရှိရင်လဲ ကျုပ်ဘဲဆုံးမပါရစေ။ ရိုက်စရာရှိရင်လဲ ကျုပ်ဘဲရိုက်ပါရစေ၊

မိုက်လှတဲ့သား တထွေကြောင့် တပါးမေအားပျက်ခါမချိပါဘု နေ့ထိတဲ့ပန်းကြာပဒုံလို နွမ်းခါကြုံ ပူဗျာဆိုက် ပါပေါ့၊ မိုက်လှတဲ့ သစင်ခွေရယ် (အောင်မယ်လေး) မေမေ့ရင်တွေ့ပူလှချီလေး။ ။

(သူငွေးကြီး) ဒီမှာအမိရဲ့ သတိနဲ့တရားမျှော်အုံးမှပေါ့ဗျ၊ သားအပေါ် တရားမျှော်လို့ ဆုံးမရာမှာ၊ ခြိုးချခါငိုမနေစမ်းပါနဲ့၊ ဒီတတွေမှန်းတာက သူကောင်းဘို့၊ မှ

www.burmeseclassic.com

www.burmeseclassic.com



မပြောင်း သည်အတိုင်းသာဆိုလျှင် ခုမင့်သားကြည့်စမ်း၊ ဟိုတုံးကရုပ်မျိုးရှိသေးရဲ့လားဟင်။

ပါးချောင် နားချောင်ကျပြီး၊ စိတ်ကလဲရောင်တောင်တောင် နတတ၊ ကိုယ်ကာယကျပြန်တော့လဲ လူမမာလို ချူနာနာ ခါးချိချိ အားမရှိရွေ့ယိုင်လဲတော့မတတ် ပုံမမှန်လိုက်ပုံက ရဂု ဆန်ခါ ကေအရှေကို၊ ဘယ်ပြေကမူချလို့၊ ယူကြတယ်မပြောတတ်ပါဘူး၊ လောကဝါတ် ဇမ္ဗူတခွင်မှာ လူအသွင်ပျောက်နေမှာစိုးနေရပြီ။သူဌေးကတော်ရေ။

ဟိုတုံးကဆို ယောကျ်ားရယ်လို့ ဖြစ်လာလျှင်၊ နဖူးကျယ်ရင်အုပ်ကား၊ ကိုယ်ခန္ဓာ ထွားကြိုင်းပြီး၊ အသားဆိုင် အဖုအဖုနဲ့ ပန်းပုထုထားသလို ရှုလိုက်ရင် ယောကျ်ားပီသ၊ ညီမျှတဲ့သူတွေ ပေါ်ကြတယ်၊ ခုတော့ဖြင့် လောကအလယ်မှာ ပြောရလျှင် မလွယ်ပါဘူး၊ သင်းတို့ကိုမြင်လိုက်ရ ဘဝင်ခိုက်မျှကျက်သရေမဲ့ပြီး၊ တက်နေတဲ့အညွန့်တွေတုံးပါပေါ့။

ဒါကြောင့် အဆုံးဘဝ မှောင်ထဲ မရောက်ရအောင် ကျုပ်တို့မိဘတွေက ဖေးမပြီးပေးမှ အရေးလှတော့မယ်။

သားသမီးချစ်တဲ့မိဘတွေဟာ၊သိစရာတွေအများကြီးလိုသေးတယ်။

ဟိုရှေးဝယ်ကတော့ မကောင်းမြစ်တား ကောင်းရာညွှန်လတ် အတတ်သင်စေ ပေးဝေနှီးရင်း ထိမ်း



မြားခြင်းလျှင် ဝတ်ငါးအင် ဖခင်မယ်တို့တာလို့ ဆိုခဲ့တာကြောင့် အပိုချဲ့ခါကျုပ်မပြောချင်တော့ဘူး။

ကိုင်းအလုပ်သဘောဘဲ ကျန်တော့တယ်ကွယ့်ရဲ့။

အရင်တုံးကတဲ့က ဆုံးမလို့ သွန်သင်ပေမဲ့၊ မိဘရှေ့ကျတော့ မခုတ်ဟတ်တဲ့ကြောင်၊ ကွယ်ရာကျတော့ သရုပ်နဲ့ပျက်ပြောင်ပြီး၊လမ်းတကာမှာဘာချမ်းဘာတာအမူပေ့လို့ လူ့တေလေကလေးတွေအဖြစ်သာ အဖတ်တင်နေတာကို ဘယ်လိုမှ လစ်လျူမရှုနိုင်ဘူး။

ကိုင်းမယ်မင်းရဲ့သူကောင့်သားခေါ်စမ်း။

(သမီး) ဘဘုရားက ခေါ်စမ်းဆိုပေမဲ့၊ အကိုလေ ခုတော့ မရှိတော့ဘူး။

သူ့အပေါင်းတသိုက်နဲ့ ခေါင်းချင်းရိုက် တိုးတိုးပြောပြီး အဆောကြီးထဲကဆင်းသွားတာ ခုထက်ထိ ပြန်မရောက်ကြသေးဘူး။

ကျွန်မတော့ ကြားလိုက်ပါတယ်၊ သူတို့တတွေ ဟားတိုက်ခါရယ်ပြီး ငွေသားနဲ့ ရွှေတချို့ကို အဖေတို့မသိအောင် ယူလာတဲ့အကြောင်း ပြောသံသဲ့သဲ့ တော့ကြားလိုက်တယ်။

(သူဌေးကြီး) ဘယ့်နှယ့်ကြားလိုက်တယ်ဟုတ်လား၊ ကောင်းရောကွာ အရုပ်ထဲကအပေါင်းတို့ပြောတာ မလွန်ဘူး ညွန်လူးမဲ့ငနွားကောင်၊ သင်းလိုဟာ ထမင်းထုပ်နဲ့ လိုက်ရှာရင်တောင် တူတာတွေမှာမဟုတ်ဘူး။ကိုင်း ဘယ့်နှယ်ရှိစ သူဌေးကတော်။

www.burmeseclassic.com

www.burmeseclassic.com



(သူဌေးကတော်) အို....မိဘပစ္စည်း ဖြုန်းတာဘဲဟာ၊ သူများ ပစ္စည်းဖြုန်းတာမှတ်လို့ ဘာဖြစ်သေးတုံးတော့။

(သူဌေးကြီး) ကိုင်းရှိစေ၊ သင်းပြန်လာရင်၊ အရင်းခံအကုန်မေး ပြီး၊ ဝါးရုံဘေးကြိုးချီပြီးရိုက်မယ်။

မိုက်တယ်ဆိုတာလွယ်ပါတယ်။

လေးမမှန်ဘူးသေးတဲ့ စာသူငယ်၊ ရှယ်ရိုနဲ့တော့ ကြောက်မှာမဟုတ်ဘူး။

ကိုင်းသမီးတို့ ညီးတို့ရဲ့အကို ကောလ အတွက် ဘာမှမစွက်ကြနဲ့တော့။

ခေါက်သမျှ ထမင်းဟင်းတို့ စားပြီးရင် အကုန်သိမ်း ဇလုံအခွံ ချည့်လာရင်ပြဒါးတင်မကတိုက်တံခါးပိတ် ငမိုက်သားအိပ်ဘို့နေရာတောင်မထားနဲ့တော့။

ကြားတဲ့သူက ရှက်ကုန်ကြလိမ့်မယ်၊ ပြောရသူ သာအာညောင်းပြီး မသာလောင်း ဖြစ်ရန်သာ ရှိ တော့တယ်ကွယ်ရို့။

သို့ကလို သူဌေးကြီး အရေးတကြီး ပြောပေမဲ့ နောကြေနေတဲ့ သူကောင့်သားကတော့ အဖြောင့် တရား ဘယ်မမြင်အလည်တွင် ပဌမစွဲ။

ငှက်နဲ့ကောလကတော့၊ ပါသမျှအကုန်သုံး၊ တပြုံး လုံးကိုကျေး၊ ခုထက်ထိ အိမ်ဘေးကိုမသိသေးပါဘူး ခင်ဗျာ။

# အခန်း ၄

လောကပြောရလျှင် သောတရှင် အပေါင်းတို့ ခင်ဗျား။

သူဌေးကြီးလဲ စိတ်ပျက်ပျက်နဲ့ အိပ်စက်လို့ တောင်မရ၊ သားအတွက် ဟင်းချပြီး ဘယ်သင်း က စကိုင်ရင်ကောင်းမယ်ဆိုတာတွေး။

သူဌေးကတော်ကြီးမှာတော့ သားဆိုးအမေ တ တွေတွေမို့ သားမပြန်လေလေ၊ ရင်တွင်းက ပူပြီး မအိပ်နိုင်၊ မစားနိုင်၊ သောကတွေဖိုင်ဖိုင် ယိုင်တိုင် တိုင်၊ နဲ့တဲ့တဲ့၊ ဘေးလူက အရေးယူလို့ မေးကူမှ ထနိုင်တဲ့ဘဝ၊ တစတစ ရောက်ရှောက် လာပါရော ခင်ဗျား။

သောတရှင်ပရိသတ်အပေါင်းတို့ခင်ဗျား။

သူဌေးကြီးနဲ့ သူဌေးကတော်အရေးပေါ်၊ တိုင်ပင် ပြိုင်ယှဉ်ခါ ဒေါသဖြစ်ရပေါင်းလဲ များလှသာ

www.burmeseclassic.com

www.burmeseclassic.com



သားခများကတော့ ကြေးထူမပူ၊ သန်းထူမယား ထိ
စကားသို့ လားလားမှ ဂရုမစိုက်၊ ပြုလိုက်တဲ့အပြ
တွေက တထမ်းကြီး ရမ်းပြီးရင်း ရမ်းရင်းဘဲပေါ့

တနေ့တော့ ကာလနဲ့အပေါင်းတသိုက် လောင်း
လိုက်ထဲ့ ကြက်ပွဲ၊ သဘက် သရဲလို သောင်းကျန်း
လူသွားလမ်းအလယ်မှာ အုပ်စုဖွဲ့ရိုက်၊ မိုက်လိုက်တဲ့
ဖြစ်ခြင်း၊ တွေ့သမျှလူဘေးချင်းတိုက်ပြီးရန်စ၊ ခံ
ရင်တော့ မရှုမလှဘဲပေါ့။ သို့ကလိုပြုသမျှ မကောင်း
သတင်းတွေဟာ သောင်းတွင်းမှကြေငြာသလို ပြေ
ရွာပါလှုပ်ရှားလာတော့။

သူဌေးကြီးမှာ ချုပ်ထားတဲ့စိတ် မျိုသိတ်လို့မ
နိုင်တော့ဘဲ အသော့တကတဲ့ ဒေါသအိုး ကွဲတော
တာဘဲပေါ့ခင်ဗျား။ တယောက်ထဲ ဒေါသဖြစ်နေ
လို့လဲမပြီး ဇနီးဖြစ်တဲ့ သူဌေးကတော် ခေါ်တဲ့ပြ
အရေးပေါ် ဆူပါရော့။

(သူဌေးကြီး) ကိုင်းဘယ်မလဲမင့်သား၊ အိမ်ပေါ်မှာ ရှိသလာ
ခေါ်စမ်း၊ အတော်ရမ်းတဲ့အကောင်၊ မိဘမျက်နှ
ကိုမှမထောက်၊ သဘောက်လိုကျင့်၊ ဝင့်ချင်တိုင်းဝ
ဝါချင်တိုင်းဝါ၊ အခါခါဆိုး၊ မစင်အိုး၊ ဒုတ်နဲ့ထို
တဲ့အကောင် ဗွက်ပေါက်တော့မျက်နှာစင်၊ ရှက်စ
ပင်ဖြစ်နေပြီ။ ကိုင်းဘယ်မလဲ ခေါ်စမ်း ခေါ်စမ်း



(သူဌေးကတော်) ဘာများဖြစ်မြန်တာလဲ ကိုပိုက်ရယ်၊ ဟိုအချိန်
နဲ့တောင်မတူ မျက်နှာကြီးစူတူတူနဲ့ တမျိုးမြောင်း
လို့ ကျွန်မအကျိုးအကြောင်း မသိရဘူးလားဟင်။
( သူဌေး ) နောက်တော့သိရစေမယ်၊ မယ်မင်း သားကိုသာ
ခေါ်စမ်းပါ။ အဖေါ်တွေနဲ့သရမ်းတာ၊ နန်းဘမရာ
ထီးအရှင်ထံ မပေါက်ကြားခင် ပေါက်ထားရုံနဲ့ မပြီး
ဘူး၊ ဆုံးမမှတော့မယ်၊ လော်လယ်တဲ့ အကောင်
ခေါ်စမ်း။ ခေါ်စမ်း။

ဒီတော့သူဌေးကတော်ကြီးလဲ အရေးပေါ်နည်း
တခုတော့ဆိုက်ပြန်ပြီလို့တွေးပြီး၊ ရိုက်မဲ့ဟန်နဲ့ကြည့်
နေတဲ့ လင်ကို အချိုသတ်ခါ။

(သူဌေးကတော်) ခေါ်ပါ့မယ်တော် ခေါ်ပါ့မယ်။ တကာထဲ
သူ့မှာဖြင့် ဒေါသချည်းဘဲ။ သားရေ လူကလေး
မောင်ကာလ။ ဆောင်ဘမရာ့ဘုံကြီးစံ ဂုဏ်ထီးခံတဲ့
ဖပီတာမောင့်အဖေက သူကောင့်သွေးမေ့ရင်နှစ်က
လေးကို သူ့ရှေ့မှာအသင့်သစ် မင့်ပုံကိုရှုချင်ထင်ပါ
ရဲ့ ခနကွယ့် လူလေး၊ မင့်အဖေခေါ်နေတယ်။

ယခုလိုပြောလိုက်တော့ မောင်ကာလ ဆောင်ဘ
မရာက ထွက်ဘုံအသင့်ပြင်နေရာမှ။

( ကာလ ) ဗျာ၊ ဟာဗျာ။ အဘိုးကြီး တမျိုးပြီး တမျိုးအာ
အခေါ်တွေးအခေါ် ရိုးနေတာတွေ ပမာပြုပြီး ပြောအုံး
မယ်၊ အလော်သုံးဆယ်စကားကြောရှေက ရှုံ့သနဲ့
နားကလောတယ်အမေရာ။

www.burmeseclassic.com

www.burmeseclassic.com



(သူဌေးကတော်) အိုဒီလိုမပြောကောင်းဘူးသားရဲ့၊ အဖနဲ့သား တရားမဲ့သွားမှဖြင့် ကြားတဲ့နားအများသူငါ တို့က သဒ္ဓါဝေးရင်၊ဘယ်လောဘေးဆိုက်တတ်ဘယ်ကွဲ့။

ကိုင်းပါသားရယ်၊ မလော်မာပါနဲ့၊ ခေါ်တာကိုသာသွားလိုက်ပါအုံးသားရဲ့။

တရားမသိတဲ့ သားကြည့်ပြီး သူဌေးကတော်ကြီးမှာ ဟင်းလုံးကြီးချလို့ အတွင်းပုံး မီးစိတ်ကပူ။ သိတ်ကန်ဆူနေမှာလဲ စိုးသဖြင့် သူဌေးကြီး အနားပဒိုင်ကိုမှီပြီးထိုင်ခါ၊ အရိပ်အခြေကြည့် စိတ်ဖြေသည့် သဘောနဲ့ ခတ်ရှိုရှိုကလေး နေပါရောခင်ဗျား။

ကာလသတို့သားကလဲ အချိုးအစားမကျ၊ ဂုတ်ထောက်ဆံပင်၊ အကျိုရင်ဟာ ဆောင့်ကြွားကြွားခြေလှမ်း အသရေခမ်းတဲ့မျက်နှာနဲ့ ခပ်ကြမ်းကြမ်းနှင်းပြီးဝင်လာတာ သူဌေးကြီးမြင်လိုက်တော့။

သက်ပြင်းတချက်ချတဲ့ခါ။

သားချစ်တဲ့ ဇောနဲ့၊ အပြစ်ဟဲ့လို့လဲမပြောနိုင်။

သားကတော့လဲ တမျိုးဖြစ်လို့ ဆိုးညစ်တဲ့ပုံသဏ္ဌာန်။

ရင့်မြိုင်ယံဘောက မျောက်ဝံလော၊ လူဝံလောစောကြောလို့ သားကိုကြည့်ပြီး။

ဟင်း....ဖြစ်မှဖြစ်ရလေ သားရယ်၊ အများနှယ်မဟုတ်၊ ဒီပုံကိုဘယ်ကယူတာတုန်း။



ယောင်ထုံးလဲမဟုတ်၊ ဆံတောက်ဆံရစ်လဲမမည် ကျောက်ခေတ်ဆီမှန်းဆပြီး ကြမ်းတမ်းလှတဲ့ရုပ်ကာလူ့အဖြစ်မှာတော့ မင်းတဖူနာနေပါပေါ့လားသားရယ်။

အများသိထားတဲ့ ငါတို့ဘမိနှစ်ပါးမှာ တရားအရှိသားနဲ့ သားကျတော့ခါမှ လူပွေကလေးရယ်လို့၊ ဇမ္ဗူမြေလေးအောင် အရှက်အကြောက်ကင်းပြီးဘယ့်ကလောက်ကမြင်းခါ အတုယူမှားချင်ရတာလဲ။

စကားထွင်ကြတာကလဲ နားဝင်မချို၊ တရားများပျောက်လို့ ငါးပါးကြီးမှောက်တော့မယ်ထင်ပါ့။

ဘဝင်မကျငါအဖေ ကြာလေလေခက်ပါပေါ့ သားမောင်ရယ်။

မင့်မျက်နှာကြည့်လိုက်တော့လဲ အပိုးမကျိုး၊ အဆိုးအိုးမှစင်နှောက်သလို။ မင်းတို့စကားနဲ့ပြောရလျှင် အချဉ်ဖောက်တဲ့သာပါလားကွယ်။ (ဟင်) ဘယ်မိုက်လှတဲ့ဟာ ရိုက်ရရင်နာတော့။

(သူဌေးကတော်) တော်ပါတော့ ကိုပိုက်ရယ်၊ လက်လွန်သွားပါမယ်။ တယောက်သားကလေးပါ။ တယောက်သားကလေးကို မမြှောက်စားတဲ့အပြင်၊ ဖေါက်လားငြင်းလှားမလုပ်ပါနဲ့။ ကျုပ်သားကလေး အနေခုံပါဘယ်။

www.burmeseclassic.com

www.burmeseclassic.com



(သူဌေးကြီး) ဘယ်....။ မင်းသားကို ပြောလိုက်ရရင်၊ ဒေါ်တိုက်ကြီးဝင်ပြီး ကာဆီးကာဆီးနဲ့ ဟာကြီးကြောင့်ခက်ပါတယ်။ ရှက်စရာတကယ်ဖြစ်လာတော့ ဘာကမှမတတ်နိုင်ဘူးသိလား။

(သူဌေးကတော်) ဒီထိအောင်လဲ ကျုပ်သားလေး မဆိုးသေးပါဘူး။ လူငယ်တို့သဘာ၀ ပျော်ကြပါးကြတာပါ။ မတရားတာ ဘာများလုပ်လို့လဲ။ ဟိုတလောဆီက၊ အရွယ်ရင့်နေတဲ့ မယ်သင့်ကို လမ်းလယ်မှာလက်ဆွဲပြီး ရမ်းတယ်ဆိုတာဟာလဲ ကျုပ်သားလေးမဟုတ်ပါဘူး။

နန္ဒ၊ ကံရ၊ စံပတို့ပါတဲ့။

ကျုပ်သားက မခေတ်တာမြင်လို့ မြေးအတားသွားနားကမြင်တဲ့သူတွေက သူဌေးသားဟာခေါင်းဆောင်ဘဲလို့၊ အရပ်ထဲ ပါးစပ်ပြဲတိုင်း သင်းတို့တွေ ရှောက်ပြောနေတာပါ။

ကျုပ်သေသေချာချာ မေးကြည့်ပြီးပါပြီ။

ချင့်လဲယုံပါအုံးတော်။

(သူဌေးကြီး) ဟေ့ မင်းသားဘကက ကာကွယ်ပြီး အပိုတွေ လိမ်မနေစမ်းပါနဲ့၊ ဟုတ်လို့ကျော်၊ ပုတ်လို့ပေါ်တာကို မနေရှိန်၊အဖအရှိန်၊ ရာထူးရှိန်ကြောင့် ဦးနှိမ်လို့အရှုံးပေးပြီး မပြောကြတာကိုဂုဏ်ယူ မင်းကသဘောလဲ့ပြီး တခြားအပြစ်မဖို့ပါနဲ့ သားချစ်လို့



ကာကွယ်ပေမဲ့၊ ရွာလယ်မှာတော့ ဟိုး-ဟိုးကျော်နေပြီ။

(သူဌေးကတော်) အမလေးကိုပိဏ်ရယ် တိုးတိုးနော်တိုးတိုး၊တိုးတိုးပြောပါ ကျုပ်သားလေး သိက္ခာကျလှပါတယ်။

(သူဌေးကြီး) ဘာတိုးဘိုးလဲကွ၊ ယခုလို ငွေကြေးမနပြည့်စုံတဲ့ မိဘကပေါက်ဖွားတဲ့ သကောင့်သားတွေ အဆန်းထွင်တာကို အကြမ်းမြင် ဆင်းရဲသားကလေးတွေမှာ မတွေ့မဆဲဘဲ အတုခိုး၊ လူ့အမျိုးယဉ်ကျေးတာတွေ ပျောက်ပြီး၊အထင်သေးစရာ သဘောကျဉ်းဖြစ်ကုန်ကြမယ်။

အပြစ်ပုံချရရင် မင်းလိုမိဘတွေက မဆုံးမလို့၊ ငတုံးဘ၀ကို ရောက်ကုန်ကြတာပါလို့၊ အများက ပြောကြတော့မယ်။

ကိုင်း။ သား၊ အဖေပြောမယ်။ အခြေကစောပါသေးတယ်။ ပြုပြင်လျှင်ရနိုင်သေးတာမို့၊ ဒီကနေ့ဘဲ အသရေယုတ်တဲ့ မင်းခေါင်းက ကေခုတ်ပြစ်လိုက်ပါကွာ။

(သူဌေးကတော်) ဘာတုန်း တော့စကားက၊ ကေခုတ်တယ်ဆိုတာ။

(သူဌေးကြီး) အင်း....မယ်မင်းဟာ နေရာတကာတော့ ဝင်ဝင်ပါပြီး။ ခေတ်သဘောလဲမလေ့လာ၊ ရှေ့ကသာ ကာဆီးကာဆီးနဲ့၊ ဟာကြီးကြောင့်တခက်။ ဒါကြီးတော့လေ။

www.burmeseclassic.com

www.burmeseclassic.com



(သူငွေးကတော်) အို...မသိလို့မေးတာဘဲတော့၊မသိမေး,မစင်ဆေးဆို၊ တော့ဥစ္စာ။

(သူငွေးကြီး) တယ်....ပြောလိုက်ရင်တော့၊ တော့ဥစ္စာ,တော့ဥစ္စာနဲ့။ ငါ့ဥစ္စာကို မင်းသိပါတယ်။ တိုက်ဘာအိမ်ယာ၊ စိန်နဲ့ ရွှေတွေပါလေ။

သို့ကလို ပြောလိုက်တော့။သူငွေးကတော်ကြီးမှာ မျက်စောင်းတခဲခဲနဲ့ ပေါ့။

(သူငွေးကြီး) မှတ်ထား–ပြောပြမယ်။ လောကအလယ်မှာ လူချင်းတူပေမဲ့၊ မူရင်းမယူ အတုခိုးမှားတဲ့ သရုပ်ပျက်ဆိုကေသာ တရိမကျွင်းရအောင် အမြန်ရှင်းဘို့ပြောတာပေါ့၊ အမြန်ရှင်းဘို့ပြောတာ။

(သူငွေးကတော်) သိပေါင်တော်။ ရှင်သတိကြောင်ပြီးအော်နေတာလားလို့။

(သူငွေးကြီး) တော်စမ်းကွာ။ ဒီမယ်သား။ ပြီးတော့ ဆိုမှဘဲ ဆိတ်ပယ်ရုံနဲ့ ပြီးတယ်မထင်နဲ့။ အရေးကြီးတာက ကာယကံ၊ ဝစီကံ၊ မနောကံ။ သဘောမှန်ရောက်အောင် ပယ်ပြီးပြင်မှ၊ အပြစ်ကင်းစင်လို့ ချစ်စရာဖြစ်မှာ။ သုံးပါးက မပြင်ဘဲ။ မင်းတို့ အစဉ်စွဲနေတဲ့ စိတ်ကြောင့်။ ဆံပင်ဆုံးပြီး ကတုံးဘဝနဲ့ ဂိုဏ်းထပ်ဖွဲ့ပြန်လျှင်လဲ။လူအားလုံးနဲ့ အရပ်ရဲ့အမြင်ကတော့၊ ဒီအတိုင်းဘဲရှိမှာဘဲ။


ဗုဒ္ဓအမြင်နဲ့ ကြည့်ရင်အပယ်သွားလေးမို့ ငါ့သား ကို ဘကယ်သနားပြီး ပြောနေတာပါကွာ။ စဉ်း



ကြော ရှည် တယ် မထင်နဲ့ မင်းပြောရတာ နားက, တောင်လေထွက်လို့ သမီးရေ...အဖေ့ကို ရေတခွက် ပေးစမ်းပါကွယ်ရှို့လို့။

သို့ကလို သူငွေးကျောင်းတကာကြီးဟာမကောင်းတာ နည်းအသွယ်သွယ်ပြလို့ ဇနီးသည်နဲ့သားဆိုးမကာ ရှင်းပြပြီး ဟင်းချ၍ တနေကုန်ပါရော။

နောက်တနေ့နံနက် မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးနဲ့ လကျ်ာရံ၊ လက်ဝဲရံ (အဂ္ဂသာဝက) (မဟာသာဝက)၊ ရဟန္တာအများတို့အား ဆွမ်း လုပ်ကျွေးရန် ပင့်လျှောက်ဘို့ဇေတဝန်ကျောင်းတော်သို့ အပေါင်း အဖော် မခေါ်ဘဲ တကိုယ်ဘည်း ဥပါဠ်ငွဘင် ဆင်ခြင်၍ မြန်းပါရောခင်ဗျား။



www.burmeseclassic.com

www.burmeseclassic.com

# အခန်း ၅

အနာထပိဏ်သူဌေးကြီးဟာ ရှစ်ဆယ်ကုဋေ အသပြာနေကို ဘာကမှမနှမြော၊ ရက်ရက်ရောရော ခင်းကြဲ၍ လှူဒါန်း၊ ဇမ္ဗူတဝှမ်းမှာ ဟိုးဟိုးကျော်အောင် မိမိလှူဒါန်းထားတဲ့ ဇေတဝန်ကျောင်းတော်ကြီး ကြည့်ပြီး ပီတိဖြစ်၊ပီတိဖြစ်မယ်ဆိုရင်လဲ ဖြစ်စရာပ။

ဒီကျောင်းတော်ကြီး ဆောက်လုပ်လှူဒါန်းခဲ့ပုံ အနည်းငယ် ပြန်ပြောင်းလို့ ပြောရလျှင် လောကတွင်....

အနာထပိဏ် သူဌေးကြီးရဲ့အကြောင်း ထပ်လောင်း၍ ဗဟုသုတရှိကြစေရန် အခြေခံ အနည်းငယ် ထည့်သွင်းလိုက်ရပါကြောင်း သောတရှင် ပရိသတ်အပေါင်း သူတော်ကောင်းတို့ ခင်ဗျား။

အနာထပိဏ် သူဌေးကြီးရဲ့ အကြောင်းကား... သာဝတ္ထိပြည် ဝယ် အဆွေ ခုနစ်ဆက်တိုင်တိုင် ငြိမ်းရိုင်ကြွယ်ဝသော သုဒတ္တ အမည်ရှိသော သူဌေးသည်ရှိ၏။ ထိုသူဌေးသည် သက်မွေးခဲကပ်၊



မွတ်ငတ်ဝမ်းလျှကုန်သော ဖုန်းတောင်း ယာစကာတို့အား စားဘွယ်ထမင်းဖြင့် တနေ့မပြတ်ပေးကမ်းတတ်သော အလေ့ရှိသောကြောင့် (အနာထပိဏ်က) ဟု တွင်သတည်း။ ထိုအခါ အနာထပိဏ်သူဌေးသည် ရာဇဂြိုဟ်ပြည်၌နေသော ဝိသာလသူဌေး၏ နှစ်မ သိရိသုမနနှင့် သင့်မြတ်ကြသဖြင့် အမျိုးယောက်ဖ တော်စပ်၏။ ယင်းသို့ တော်စပ်ရကား။ ထိုသူတို့အား အကြောင်းပြုသဖြင့်ငှင်း၊ ရောင်းဝယ်ဖောက်ကား စီးပွားရှာလိုသည်ဖြစ်၍ငှင်း၊ နှစ်နှစ်တခေါက်၊ သုံးနှစ်တခေါက် ရောက်မြဲရောက်၏။တရံသော အခါ ထိုအနာထပိဏ်သူဌေးသည် လှည်းငါးရာတို့ဖြင့် ရာဇဂြိုဟ်ပြည်သို့ လာရောက်သော် အမျိုးယောက်ဖ ဖြစ်သော ဝိသာလသူဌေးအိမ်သို့ဝင်၏။ ထိုသူဌေးလည်း နက်ဖြန်အလို့ငှာ။ ဘုရားအမှူးရှိသော သံဃာတို့အား ဆွမ်းဘိတ်သည်ဖြစ်၍ ကျွေးမွေးလှူဒါန်းရန်အလို့ငှာ၊ များစွာသော ကျေးကျွန် အမှုလုပ်တို့နှင့်တကွ၊ အဖျော်ယမကာ,ဆွမ်း, ယာဂုတို့ကို ပြုပြင်စီမံကာနေ၏။ အနာထပိဏ်သူဌေးအား အလ္လာပ သလ္လာပ စကားမျှ မပြောဖြစ်လေ။

ထိုအခါ အနာထပိဏ် သူဌေးလည်း ဤသို့ ကြံ၏။ ငါ၏ ယောက်ဖ ဝိသာလသည် ရှေးအခါက ငါရောက်လာမှု များစွာ သောကိစ္စတို့ကို စွန့်ထား၏။ ငါ့အား ပူဇော်ပြုမြဲဖြစ်သည်။ ယခုမူ ကား ကျေးကျွန်များနှင့်စားရေးသောက်မှုကိုသာ စီရင်ကာနေ၏။ ဤသူဌေးကားငါ့အားသုန်မာန်ဒေါသခံ၍ရန်ငြိုးမူလေသလော။ သို့မဟုတ်ငြား၊ သမီးသားပင် ထိမ်းမြားလာ အခါနှင့် ကြုံလေ

www.burmeseclassic.com



သလော။ ဗိမ္ဗိသာရပြည့်သနင်း၊ မင်းသော်မူလည်း၊ သူ့အိမ်သို့ လာမည့်အခါနှင့် ဆုံလေသလောဟု တွေးတောလျက် နေလင့်၏။

ဝိသာလသူဌေးလည်း အရေးပြီးသောအခါ အနာထပိဏ်ထံသို့ လာ၏။ ဝမ်းမြောက်ဝမ်းသာ များစွာပြောဆို၏။ ထိုအခါ အနာထပိဏ်ကလည်း အချင်းဝိသာလ သင်သည်။ အဘယ်ကိစ္စများကြောင့် ဗျာများရသနည်းဟု မေးလေသော်။

အဆွေအနာထပိဏ်၊ အစိန္တေယျ အပ္ပမေယျလောက သင်းကျွန်၊ ဓမ္မရာဇ်မှန်ကူ ဖြစ်တော်မူသော မြတ်စွာဘုရားသခင်သည် ယခု ငါတို့ ရာဇဂြိုဟ်ပြည်၌ လူနတ်တို့အား တရားအမြိုက်ဆေး တိုက်ကျွေး စံနေတော်မူသည်။ ထိုဘုရားရှင်နှင့် သံဃာတို့အား ဆွမ်းလုပ်ကျွေး၍ တရားတော်ကိုနာခြင်းငှာ၊ ငါ၏အိမ်သို့ ပင့်ဆောင်အပ်သည်ဖြစ်၍ ကောင်းမြတ်စွာသော ဆွမ်း၊ ယာဂုကို ပြုပြင်စီမံသတည်းဟု ပြောပေ၏။

ထိုစကားကိုကြားလျှင် အနာထပိဏ်သူဌေးလည်းဝမ်းမြောက်ဝမ်းသာ သဒ္ဒါတက်ပွားခြင်းဖြင့်။

အချင်း ဝိသာလ၊ ဘုရားဟူသော သတင်းစကား ကြားရချေလည်း အတိဒုလ္လဘ ရခဲတောင်းပင် ဖြစ်ပေသည်။ ယင်းသို့ ဖြစ်ခဲ့လျက် စောရဲဘုရား ရှိကြောင်းများကို ကြားသိရ၍ အဆအရာ ဝမ်းသာပါ၏။ ငါတို့၏ လူ့အဖြစ်ကိုရခြင်းသည် ကောင်းမြတ်လှလေစွ။ ငါ့အား ယခု သဗ္ဗညုထံ အမြန်ပို့ပါ၊ ဖူးမြင်လိုပါသည်။

ဟု တောင်းပန်၏။

ဝိသာလကလည်း။

အချင်းအနာထပိဏ်၊ ယနေ့ကား အချိန်မဟုတ်ပြီ၊ နက်ဖြန်



နံနက် နေစက်ထွန်းတောက် မိုးသောက်သောသောအခါ စောမြတ်စွာသည် ငါတို့အိမ်သို့ ကြွလာလတ္တံ့။ ထိုအခါမှ အားရအောင်ပင် သင်ဖူးမြင်လော့။

ဟု ဆိုပေ၏။

အနာထပိဏ်သူဌေးလည်း နံနက်အခါတွင် ဘုရားရှင်ကို ဖူးမြင် တွေ့ကြုံရအံ့သည်တကားဟု ငါးပါးသောပီတိဖြင့်ထုံ လျက် ဂုဏ်ကျေးဇူးတော်ကို အောက်မေ့၍ အိပ်လေသော်။

သန်းခေါင်ယံကျော်လျှင် မပျော်နိုင်ခြင်းဖြင့် လင်းပြီဟု မှတ်ထင်၍ သုံးကြိမ်တိုင်အောင်ပင် ထမှား၍။

တတိယယံသို့ရောက်လာသောအခါ ထင်စွာ အလင်းရောင် ဖြစ်သဖြင့် အရုဏ်တက်ပြီထင်၍ အလျှင်တဆော ထွက်သွားရာ သိဝကမည်သော မြို့တံခါးသို့ ရောက်လေသော် တံခါးကိုစောင့်နေသော နတ်တို့က ဖွင့်လှစ်သဖြင့် အသင့်ပင် ထွက်ရ၏။

မြို့မှ ထွက်မိလျှင် ယခင်အလင်းရောင်သည် ပျောက်၍ အမိုက်အတိ ရောက်လာ၏။

ထိုအခါ အနာထပိဏ်သူဌေးလည်း ထိတ်လန့်ကြောက်ရွံ့ခြင်း၊ ကိုယ်ခက်တရော်ရှိခြင်း၊ ကြက်သီးမွေးညှင်း ထခြင်းတို့သည်ဖြစ်၍ ပြန်နစ်နေဦးအံ့ဟု ကြံလတ်သော်။

မြို့တံခါးပေါက်၌ စောင့်နေသော သိဝကမည်သော နတ်သားသည် မိမိကိုယ်ကို ဝှက်ထား၍ ထင်ရှားသောအသံဖြင့်။

အိုရှင်သူဌေး ကောင်းစွာစုတ်အပ်သော ပတ္တမြားစီမြာ တန်ဆာရှိကုန်သော တသိန်းကုန်သော ဆင်ပြောင်ကြီးတို့သည်၎င်း တသိန်းကုန်သော မြင်းတို့သည်၎င်း၊ တသိန်းကုန်သော အသာ

www.burmeseclassic.com



ထိုင် မြင်းကသောရထားတို့သည်၎င်း၊ အလျှံ ရိုးရဲလည့်၍ ဆွဲသော ပုလဲသွယ်ပျောင်းမြနားဒွေခေါင်းသည်း ဆင်ကုန်ထသော အသိန်းမျှသော မိန်းမကညာတို့သည်၎င်း ခြံရံ၍ဘည်သောမင်း၏အသရေသည် ဘုရားနေရာ ကျောင်းတော်သာတို့ သွားသော ရှင်သူဌေး၏ ဖဝါးတလှမ်း တလှမ်း၌ဖြစ်သောတဆယ့် ခြောက်စိပ်စိပ်သည်ကို ပြု၍ ဘစိပ်ခန့်မျှလည်း မမှီလာအဘိုးမထိုက် ရှင်သူဌေး ရှေ့သို့ တက်လော့ နောက်သို့မဆုတ်သင့်၊ သင်၏ သွားခြင်းကား ကောင်း၏ အလွန်နှစ်လိုဘွယ်ရှိ၏ အထူးသဖြင့် ချီးမွမ်းပါ၏။

ဤကဲ့သို့သုံးကြိမ်တိုင်အောင်ဟစ်ကြွေး၍ ကောင်းချီးပေးလေသော် သူဌေးအနာထပိဏ်လည်း စိုးရိမ်ခြင်းကင်းပျောက်လျက် ဘုရားကျောင်းတော်သို့ ရောက်အောင်ပင် အစဉ်သဖြင့် သွားလေ၏။

ဘုရားကိုယ်တော်မြတ်လည်း လင်းတီးခေါင်အရပ်၌ စင်္ကြံကြွ၍နေတော်မူသည်နှင့် အဝေးမှလာသော အနာထပိဏ်သူဌေးကိုမြင်လျှင် ကျောင်းတော်အပြင်သို့ တက်၍ မြတ်သောဘုရားနေရာ၌ နေတော်မူလင့်၏။

သူဌေးလည်း အထံတော်သို့ကပ်၍ ခြေရင်း၌ဝတ်လျက် အထပ်ထပ်ရှိခိုးလေသော် ကိုယ်တော်မြတ်လည်း။

အချင်းသုဒတ္တ သင်၏လာခြင်းကား ကောင်းစွတကား။

ဟု-ငယ်မည်ဖြင့် ခေါ်၍နှုတ်ဆက်တော်မူ၏။

သူဌေးလည်း အတိုင်းထက်အလွန်ပင်ရွှင်လန်းဝမ်းသာသော





စိတ်ရှိသည်ဖြစ်၍ဘသက်ပတ်လုံး ကျင့်သုံး မှတ်ပိုက် အောင်းမေ့ထိုက်သောစကားကိုလျှောက်ကြားပန်ထွာ၍ နေသည်တွင်။

ဘုရားသခင်လည်း အစဉ်သောတရားစကားဖြင့် ဟောကြားဆုံးမတော်မူ၍ သစ္စာလေးပါးတရားကို ပြတော်မူသဖြင့် ထိုအနာထပိဏ်သူဌေးသည် ရှေးဦးစွာ သောတာ ပတ္တိဖိုလ်၌ တည်လေ၏။

ထိုအခါမြတ်စွာဘုရားအားငင်း တရားတော်သည်တော်တို့အား၎င်း ကောင်းချီးပေးခြင်းကိုပြု၍ ဥပသကာအဖြစ်ကို တောင်းပန်လျက်။

www.burmeseclassic.com

www.burmeseclassic.com



သောဟံ၊ဘန္တေဘဂဝန္တ၊ သရဏံ ဂစ္ဆာမိ။

ဓမ္မဉ္စဘိက္ခုသံဃဉ္စ ဥပါသကာမံဘဂဝါ စာရေတု အဇ္ဇတဂ္ဂေ ပါဏုပေတံသရဏံ ဂတန္တိ။

ဟူသောစကားဖြင့်သရဏဂုံ ကိုယူ၏။

အနက်ကား ဘန္တေအရှင်မြတ်ဘုရား၊ သောဟံ၊ ထိုအကျွန်ုပ်သည် ဘဂဝန္တံ မြတ်စွာဘုရားကို သရဏံ၊ ကိုးကွယ်ခြင်းသို့၊ ဂစ္ဆာမိ ရောက်ပါ၏။ ဓမ္မဉ္စ၊တရားတော်ကိုလည်း။ ဘိက္ခုသံဃဉ္စ၊ ရဟန်းသံဃာကိုလည်း သရဏံ၊ ကိုးကွယ်ခြင်းသို့၊ ဂစ္ဆာမိ၊ ရောက်ပါ၏။ ပါဏုပေတံ၊ အသက်ရှည်သမျှ ကာလပတ်လုံး သရဏံ ဂတံ၊ ကိုးကွယ်ခြင်းရောက်သော၊ဥပါသကံ ဒါယကာဟူ၍ စာရေတု၊မှတ်တော်မူပါလော့....

ထိုနောက်မှ ဘုရားအမှူးရှိသော သံဃာတော်တို့အား။ နက်ဖြန်အလို့ငှါ။ ဆွမ်းဘိတ်၍။ ဝန်ခံတော်မူလေသော်ကိုယ်တော်မြတ်ကို သုံးပတ်လကျာရစ်လှည့်၍။ ပူဇော်ခဲ့ပြီးမှ ဝိသာလသူဌေးအိမ်သို့ပြန်လာ၏။

ဘုရားကြွတော်မူ၍ ဝိသာလသူဌေးအိမ်၌။ ဆွမ်းဘုန်းပေးပြီးသော်။ တရားဟောတော်မူသောအခါလည်း ကောင်းစွာနာယူရ၏။

ဝိသာလသူဌေးလည်း၊ အရေးကြီးသောအခါ၊ အနာထပိဏ်သူဌေးအား မေးမြန်း၍။ ဆွမ်းဘိတ်ခဲ့ကြောင်းကိုသိလျှင် သင်ကားခရီးသွားအာဂန္တုသာဖြစ်သည်။ ဘုရားအမှူးရှိသောသံဃာ



တော်တို့အားပူဇော်လုပ်ကျွေးခြင်းငှါမတတ်နိုင်ရာ။ ကျွန်ုပ်အတွက်သာဖြစ်စေလော့ဟုဆို၏။

ထိုအနာထပိဏ် သူဌေးကလည်း။ အချင်းဝိသာလ ဤမျှသော ကိစ္စကိုပြုပြင်ဆောင်ရွက်ခြင်းငှါ။ ငါစွမ်းနိုင်ပါ၏။ သင်တို့အား လွှဲခြင်းငှါမသင့် ဟုဆိုပေ၏။

ထို့အတူနိဂုံး၌နေကုန်သော မိတ်ဆွေသူဌေးတို့သည်၎င်း။ ဗိမ္ဗိသာရမင်းကြီးသည်၎င်း ခွင့်တောင်းပြောဆိုသော်လည်း ထို့အတူပယ်ရှား၍ ဘုရား အမှူးရှိသော သံဃာတော် တို့အား ပူဇော်လုပ်ကျွေးရန် ဆွမ်းဘောဇဉ်တို့ကိုမိမိတွင်ပါသောပရိသတ်တို့နှင့်သာလျှင်ပြုပြင်စီမံ၏။

နက်ဖြန် နံနက်ရောက်သောအခါ ဝိသာလ သူဌေး၏ အိမ်၌ ပင်ဆွမ်း၊ကွမ်းနေရာကို ကောင်းစွာပြင်ဆင်၍၊ ဘုရားသခင်နှင့်တကွသော သံဃာတော်တို့အား လုပ်ကျွေးသတည်း။

ယင်းသို့လုပ်ကျွေးမွေး၍၊ တရားတော်ကိုနာပြီးသော်၊ ဘုရားကိုယ်တော်မြတ်လည်း၊ အကျွန်ုပ်အား သနားတော်မူပါသဖြင့် သာဝတ္ထိပြည်သို့ ကြွလည်၍၊ သီတင်းသုံးတော် မူပါဟု ပင့်လျှောက်၏။

ဘုရားသခင်လည်း....အချင်း ဥပါသကာ၊ ငါဘုရားကား။ သုံးပါးသောဘဝ၌ ကျင်လည်သမျှသော၊ ဝေနေယျတို့၏ အကျိုးငှါသာ ပါရမီဖြည့်တော်မူသည်။ ရာဇဂြိုဟ်ပြည်သူတို့ အကျိုးငှါသာဖြည့်သည်မဟုတ် ထိုထိုခန်းဝါ၌ လှည့်လည်ခါ နေတော်မူမည် သို့ရာတွင်ကား ဘုရားတို့မမှတာသည်လူနှင့် မပြွမ်း

www.burmeseclassic.com



သောတောခန်းဝါ၌သာ မွေ့လျော်စွာသတည်း ဟု မိန့်တော်မူ၏။

သူဌေးလည်း ဤသို့သော အမိန့်တော်ကိုကြားလျှင်။

အရှင်ဘုရားအကျွန်ုပ်သိပါပြီသင့်မြတ်ရာ၌သာနေရာကျောင်းကန်ကိုစီမံဆောက်လုပ်ပါတော့မည်။

ဟု လျှောက်ထား၏။

ဘုရားသခင်လည်း အစဉ်သော ဓမ္မဒေသနာဖြင့် အနုမောဒနာပြု၍ကြွတော်မူ၏။

အနာထပိဏ်သူဌေးလည်း ရာဇဂြိုဟ်ပြည်ဝယ်ပြုဘွယ်ကိစ္စဟူသမျှကို ပြီးဆုံးစေ၍ မိမိနေရာ သာဝတ္ထိပြည်သို့ ပြန်လေသော် အဆွေခင်ပွန်းအများရှိသူဖြစ်ရကား ခရီးအကြား မြို့ကျေးရွာတို့၌ သဟာယဖြစ်သောသူတို့ကို ရောက်တိုင်းရောက်တိုင်း စည်းဝေးစေ၍ အသပြာတသိန်း တသိန်းစီပေးပြီးမှ သင်တို့ကျေးရွာ၌ကျောင်းတဆောင်ဆောက်ပါဟု မှာဆို၏။

ဤသို့သောနည်းအားဖြင့် ရာဇဂြိုဟ်ပြည်နှင့် သာဝတ္ထိပြည် ခေလးဆယ်ငါးယူဇနာသောခရီးကို တယူဇနာလျှင် တကျောင်း တကျောင်းစီ ဆောက်စေ၍ သွားလေ၏။

သာဝတ္ထိပြည်သို့ရောက်သောအခါ ဘုရားကိန်းဝပ်ခြင်းငှါ သင့်ရာအရပ်ကိုရှာလတ်သော်။

မြို့၏အရှေ့တောင်မျက်နှာ တကောသကွာသောအရပ်ဝယ်၊ ဇေတမင်းသား စိုက်လုပ်အပ်သော ဥယျာဉ်ကိုမြင်၍။ ဤဥယျာဉ်ကား လူတို့နှင့်ဝေးလည်းမဝေးလွန်း၊ နီးလည်းမနီးလွန်း အသွားအလာနှင့် ပြည့်စုံသည်။ သူတော်ကောင်းတို့ နှစ်သက်မွေ့



လျော်ဘွယ် တင့်တယ်သောအရပ်လည်းဖြစ်သည်၊ နေ့အခါလူတို့နှင့်မပြွမ်း။ ညဉ့်အခါ လူသံမကြား။, အခါခါပ်သိမ်း စည်းဝေးသောသူတို့၏ကြွေးကြော်သံမရှိ၊ ယင်းသို့ဖြစ်ရကား။ ဘုရားမွေ့လျော်တော်မူလတ္တံ့။ ဤဥယျာဉ်ကိုဝယ်ယူပြီးကျောင်းဆောက်တော့အံ့ဟု ကြံပြီးလျှင်။

ဇေတမင်းသားထံသို့ကပ်၍။

အရှင်သား၊ ဤဥယျာဉ်၌ ဘုရားရှင်နေရာ ကျောင်းဆောက်လိုပါသည်။ အကျွန်ုပ်အားရောင်းပါဟု ဆိုရာ။

ထိုမင်းသားကလည်း အဘိုးအဘယ်မျှပေးမည်နည်းဟု မေးသော်....။

လိမ္မာသောအမတ်တယောက်ကိုခေါ်၍။

ဤဥယျာဉ်ကား အဘိုးမည်မျှတန်သနည်းဟု မေး၏။

ဥယျာဉ်မြေဝယ် ငွေခွက်အပြည့်ခင်း၍တန်၏ဟုဆိုသော်။ ထိုအမတ်ဆိုတိုင်း ငွေကို လှည်းဖြင့်တိုက်စေ၏။ မြေပြင်အပြည့်ခင်းသော် တဆယ့်ခြောက်ပယ်သောမြေ၌ ငွေအသပြာ တဆယ့်ရှစ်ကုဋေဝင်၏။

ထိုမျှလောက်ကိုပင် ပေးပါမည်ဟု ဆိုလေသော်။ ဇေတမင်းသားလည်း ထိုအသပြာကိုသိမ်း၍ ဥယျာဉ်ကို သင်အလိုရှိတိုင်းပြုလော့ဟု ပေး၏။

သူဌေးလည်း ထိုအခါမှစ၍ များစွာသောအမှုလုပ်လက်သွားတို့ကိုငှား၍။ သစ်–ကျောက်–အုတ်–အင်္ဂတေတို့ကို ရှာစုစေ၏။

စုဝေးပြီးလျှင် တဆယ့်ရှစ်ကုဋေသော ငွေအသပြာတို့ကို ခမ္မစရိတ်ထုတ်လျက် ဆောက်လုပ်ပြင်လေသတည်း၊

www.burmeseclassic.com

www.burmeseclassic.com



ထိုကျောင်းတော်ကား။

ဘုံအားဖြင့် သုံးဆင့်ရှိ၏။ တဆင့်တဆင့်သော ဘုံဆောင်၌ တထောင်တထောင်မျှလောက်သော တိုက်ခန်းရှိ၏။

ဂန္ဓကုဋီ၊ သလာဠကကုဋီ၊ ကောသမ္ဗလကုဋီ၊ ကရေရိကုဋီတည်းဟူသော ပြာသာဒ်အရံလည်းရှိ၏။ များလှစွာသောစင်္ကြံ၊ မဏ္ဍပ်၊ ဇရပ်ဂူလိုဏ်တို့ကိုလည်းခြံရံ၍ ဆောက်လုပ်ပေ၏။

ထိုကျောင်းတော်ကား သိကြားနေရာ ဝေဇယန္တာပြာသာဒ်ကဲ့သို့ ထူးမြတ်ဆန်းကြယ် ရှုဘွယ်ဘနန်းဖြစ်၏။ လက်သမားတထောင်တို့သည် ကိုးလတိုင်အောင်ဆောက်မှ ပြီးမြောက်သတည်း။

ယင်းသို့ဆောက်လုပ်ပြီးသောအခါ အနာထပိဏ်သူဌေးလည်း လိမ္မာသော သူကြွယ်တဦးအား၊ ယောကျ်ားအခြံအရံနှင့် ဘုရားထံသို့စေလိုက်၏။ ဘုရားကိုယ်တော်မြတ်လည်း သာဝတ္ထိပြည်၌ အရှည်သဖြင့် သတင်းသုံးတော်မူအံ့သောအကြောင်း၊ အတိုင်းမသိသော ဘုရားကျေးဇူးတော်၏ ကျော်စောပျံ့နှံ့အံ့သော အကြောင်း၊ များစွာသောပြည်သူပြည်သားတို့ အကျွတ်တရားကိုရလတ္တံ့သောအကြောင်းကို မြင်တော်မူ၍ ရာဇဂြိုဟ်ပြည်၌ အနည်းငယ်သော သင်္ဃာတို့ကို ထားပြီးလျှင်၊ လေးအင်သော သင်္ဃာပရိသတ်ခြံရံလျက် ထွက်ကြွတော်မူ၍ တယူဇနာ တယူဇနာလျှင် တကျောင်း တကျောင်း၌ ကိန်းအောင်းတည်းခိုတော်မူကာ ဒေသစာရီကြွချီလာရာ၊ သာဝတ္ထိမြို့၏အနီးသို့ရောက်တော်မူ၏။

ယင်းသို့ ဘုရားရှင် ကြွလာကြောင်းကို အနာထပိဏ်သူဌေး



ကြားလျှင်၊ မယားဆွေမျိုးတို့ကို ရုံးစုံ၍ လျှာဘွယ်ဝတ္ထုတို့ကို ပြုပြင်စေပြီးလျှင်၊ သားကြီးဖြစ်သော မဟာကာလကို ဝတ်စားတန်ဆာ ကောင်းစွာဆင်ယင်စေလျက် ငါးရာသောအခြံအရံနှင့် တကွပဥ္စရုပတံခွန်ကိုကိုင်လျက် ထွက်၍ကြိုစေ၏။

ထိုနောက်မှ စူဠသုဘဒ္ဒါ၊ မဟာသုဘဒ္ဒါဟူသော သမီးနှစ်ယောက်တို့ကို ငါးရာမျှလောက်သော သတို့သမီးအခြံအရံနှင့် ရွှေမြူတာ၊ ငွေမြူတာအိုးတို့ကို ရွက်စေလျက်၊ လက်မှုပန်းခပေါက်ပေါက်ကိုင်စေ၍ ကြိုရကုန်၏။

ထိုနောက်မှ သီရိသုမနမည်သော သူဌေးမယားသည် ငါးရာမျှလောက်သော အရွယ်တူမိန်းမနှင့်တကွ ရေပြည့်အိုး၊ ရေဖလားရွက်စေလျက် ထွက်၍ကြိုရကုန်၏။

ထို့နောက်မှ သူဌေးကြီး အနာထပိဏ်သည် အဆွေခင်ပွန်းဖြစ်သော သူဌေးငါးရာတို့နှင့်တကွ အစမကျေသေးသောပုဆိုးကိုဝတ်ကုန်၍ ပန်းနံ့သာအဖျော်လက်စွဲကုန်လျက် ထွက်၍ကြိုဆိုရကုန်၏။

ဘုရားကိုယ်တော်မြတ်လည်း များလှစွာသော ဘိက္ခု၊ ဘိက္ခုနီ၊ ဥပါသကာ၊ ဥပါသိကာဟူသော ပရိသတ်လေးပါးဝန်းရံ၍ ရတနာဂူမှထွက်သော ခြင်္သေ့မင်းကဲ့သို့ငှင်း၊ ညချမ်းဆည်းဆာဝယ် တိမ်ဝါလျှပ်ရောင်ဖြင့်တောက်ပသော ဇာတ္တနိသာတောင်မင်းကဲ့သို့ငှင်း၊ ပိုးဝန်းထိန်ပြောင် ရောင်ခြည်တော်အဝန်းဖြင့် ထွန်းလင်းတောက်ပသော ဘုရားအသရေကိုဆောင်လျက် ဇေတဝန်ကျောင်းပေါ်သို့ တက်တော်မူ၏။

ကျောင်းတော်သို့ တက်ရောက်၍ နှစ်ရက်မြောက်သောအခါ

www.burmeseclassic.com

www.burmeseclassic.com



အနာထပိဏ်သူဌေးလည်း သင်္ဃာတော်အပေါင်းနှင့်တကွ ပါသမ္မုသောပရိဿတ်တို့အား ထူးပြားမွန်မြတ်သော ခဲဘွယ်ဘောဇဉ်တို့ဖြင့် လုပ်ကျွေးပြီးသော် ရှင်တော်ဘုရားထံသို့ကပ်၍ ဘုန်းတော်ကြီးသော မြတ်စွာဘုရား။ ဤကျောင်းကို အသို့ ဦ၍ လှူအပ်ပါသနည်းဟု နားတော်လျှောက်၏။

ဘုရားသခင်လည်း ဤသို့ပြုပြင်ဟု သွန်သင်တော်မူပြီးမှ....။

ဣမံဇေတဝနဝိဟာရံ အာဂတာ နာဂတဿ
စာတုဒ္ဒိသဿ ဗုဒ္ဓပမုခဿ ဘိက္ခုသံဃဿဒေမ။

ဟုဆိုစေ၍ ရေစက်ကို ဘုရားလက်တော်၌ လောင်းစေ၏။

အနက်ကား။ မဟာကာရုဏိက။ ။ကြီးမြတ်သောဂရုဏာ၏တည်ရာဖြစ်သော မြတ်စွာဘုရား။ ဣမံဇေတဝနဝိဟာရံ။ ။ဤဇေတဝန်ကျောင်းတော်ကို။ ဗုဒ္ဓပမုခဿ။ ။ဘုရားအမှူးရှိသော။ အာဂတာနာဂတဿ၊ ။ရောက်ဆဲရောက်လတ္တံ့သော။ စာတုဒ္ဒိသဿ။ ။အရပ်လေးမျက်နှာ၌တည်သော။ ဘိက္ခုသံဃဿ။ ။ရဟန်းသင်္ဃာတော်တို့အား။ ဒေမ။ ။လှူဒါန်းပူဇော်ပါကုန်၏။

ယင်းသို့ လှူစေပြီးသော် ကိုယ်တော်မြတ်လည်း ဝတ္ထုနှင့်လျှောက်ပတ်စွာ တရားအနုမောဒနာပြုလို၍ သီတံဥဏှံ ပဋိဟန္တိ အစရှိသော ဓမ္မဒေသနာကိုဟောပြော်မူ၏။

သူဌေးလည်း ထိုနေ့မှစ၍ သပရိဝါရ ဒါန ဖြစ်စေခြင်းငှာ များစွာသော ရှင်လူပုဏ္ဏားမျိုးလေးပါးတို့အား တဆယ့်ရှစ်ကုဋေသော ရွှေငွေဥစ္စာတို့ဖြင့် စွန့်ကြဲလှူဒါန်းသော ကြီးစွာသော သဘင်ကိုဖြစ်စေ၏။



ထိုသူဌေး၏ကျောင်းပူဇော်ပွဲကားကိုးလတိုင်ရှိမှပြီးသတည်း။

ဘုရားသခင်ကို တင်လှူသောနေ့မှစ၍ သူဌေးအိမ်မှာ တနေ့မပြတ်လှူဒါန်းအပ်သော ဒါတဗ္ဗတို့ကား။

ငါးရာမျှလောက်သော စာရေးတံဆွမ်း၊ စာရေးတံယာဂုတို့ကိုင်း။

ငါးရာမျှလောက်သော ပက္ခိကဆွမ်း၊ ပက္ခိကယာဂုတို့ကိုင်း။

ငါးရာမျှလောက်သော အိမ်ဦး၌ကျွေးအပ်သော ဓုရဘတ် ဓုရယာဂုတို့ကိုင်း။

ငါးရာမျှလောက်သော အာဂန္တုကဆွမ်း၊ အာဂန္တုကယာဂုတို့ကိုင်း။

ငါးရာမျှလောက်သော ခရီးသွားလိုသော ရဟန်းတို့အား လှူဘွယ်အပ်သော ဂမိကဆွမ်း၊ ဂမိကယာဂုတို့ကိုင်း။

ငါးရာမျှလောက်သော သူနာရဟန်းတို့အား လှူအပ်သော ဂိလာနဘတ် ဂိလာနယာဂုတို့ကိုင်း။

ငါးရာမျှလောက်သော သူနာကို လုပ်ကျွေးသော ရဟန်းတို့အား လှူအပ်သော ဂိလာနုပဋ္ဌာကယာဂုတို့ကိုင်း။ တည်ကျွေးလှူဒါန်းကာ။

ငါးရာမျှလောက်သော အိပ်ရာနေရာတို့ကို တနေ့မပြတ် အိမ်ဦး၌ ခင်းထားအပ်သတည်း။

ဘုရားသခင်အား ခစားခြင်းငှာ တနေ့သုံးကြိမ် ကျောင်းတော်သို့သွားရာ၌လည်း အလှူဝတ္ထုမပါဘဲ သွားဘူးသောမည်သည်မရှိ။

အိမ်တံခါးမုခ်၌စောင့်သော နတ်သမီးမြစ်ဘား၍ မူလည်းမ

www.burmeseclassic.com

www.burmeseclassic.com



ယူမနာ။ လွန်စွာအားထုတ်သောကြောင့်၊ နောက်သောအခါ၌ ဒါနပတိအရာ၌ ဧတဒဂ်ထား၍ ဘုရားချီးမွမ်းတော်မူရသတည်း။

ဇေတဝန်ကျောင်းတော်ရာဝယ်

ဝိပဿီမြတ်စွာဘုရား ပွင့်တော်မူသောအခါက၊ သုစိတ္တမည်သော သူဌေးသည် ရွှေအုပ်တို့ဖြင့် ခင်း၀ယ်၍ တယူဇနာကျယ်သော သင်္ဃာ့အရာမ်ကို ပြုလုပ်လှူဒါန်းသည်။

သိခီဘုရားပွင့်တော်မူသောကာလ၊ သိရိဝဍ္ဎနမည်သော သူဌေးသည် ရွှေထွန်သွားဖြင့် ခင်း၀ယ်၍ သုံးဂါဝုတ်ကျယ်သော သင်္ဃာ့အရာမ်ကိုပြုလုပ်သည်။

ဝေဿဘူဘုရား ပွင့်တော်မူသောကာလ။ သောတ္ထိယမည်သော သူဌေးသည် ရွှေပြားအခင်းဖြင့်ဝယ်၍၊ နှစ်ဂါဝုတ်ကျယ်သော သင်္ဃာ့အရာမ်ကို ပြုလုပ်သည်။

ကကုသန်ဘုရား ပွင့်တော်မူသောကာလ။ အစ္စုတမည်သော သူဌေးသည်ရွှေအုပ်ဖြင့်ခင်း၍ တဂါဝုတ် ကျယ်သော သင်္ဃာ့အရာမ်ကိုပြုလုပ်၍ လှူဒါန်းသည်။

ဂေါဏာဂုံ ဘုရားပွင့်တော်မူသော ကာလ ဥဂ္ဂအမည်ရှိသော သူဌေးသည် ရွှေလိပ်ရုပ်အခင်းဖြင့်ဝယ်၍ နှစ်ကောသ ကျယ်သော သင်္ဃာ့အရာမ်ကိုပြုလုပ်လှူဒါန်းသည်။

ကဿပဘုရားပွင့်တော်မူသော ကာလ။ သုမင်္ဂလ အမည်ရှိသော သူဌေးသည် ရွှေထွန်တုံးအခင်းဖြင့်ဝယ်၍ တကောသပမာဏရှိသော သင်္ဃာ့အရာမ်ကိုပြုလုပ်လှူဒါန်းသည်။

ငါတို့ဘုရား ပွင့်တော်မူသော အခါ၌ကား ၊ ငယ်မည်အားဖြင့် သုဒတ္တအမည်ရှိသော ဆင်းရဲသော သူဖုန်းစားတို့အား စား




ရန် ထမင်းဖြင့်ထောက်ပံ့တတ်စွာ၍ အနာထပိဏ်အမည်ရရှိသော သူဌေးမြတ်သည် တဆယ့်ရှစ်ကုဋေသော အသပြာငွေအခင်းဖြင့်ဝယ်၍ တဆယ့်ခြောက်ပယ်ပမာဏရှိသော သင်္ဃာ့အရာမ်ကို ပြုလုပ်လှူဒါန်းသည်။

ထို့ကြောင့် ဤဇေတဝန် ကျောင်းတော်ရာကား ဘုရားတကာတို့ စွန့်ခွာမြဲမဟုတ်သော အဝိဇဟိတဘဋ္ဌာနတည်း။

သက်တော်ရှည်သော ဘုရားရှင်တို့လက်ထက်၌ကျောင်းတော်ကြီး၍ အရာမ်နေရာကျယ်သည်ဖြစ်ပါကြောင်း သောတရှင် အပေါင်းတို့ခင်ဗျား။

ထိုကဲ့သို့ အနာထပိဏ်အကြောင်း စုပေါင်း၍ အပိုမသွင်းဘဲ၊ လိုရင်းမှတ်ကြစေဘို့၊ မှတ်စရာဇာတ်ဖလာဘဖန်မပျက်ရအောင် မြန်းဆက်လိုက်ကြအုံးစို့ ။



www.burmeseclassic.com

www.burmeseclassic.com




# အခဏ်း ၆

သုဒတ္တအနာထပိဏ်သူဌေးကြီးဟာ ရှေးနည်းတဖျာဇမ္ဗူကြား နက်မှာ အလှူအတန်းအာရုံဝေပြီ၊သဒ္ဓါဟုန်ဇောဥပါဋ္ဌ ဘင်ဆင်ခြင်ရင်းမြန်းအလာ အဆန်းဆိုသဗျူ အဖြာဖြာစုပြီး ဆယ်ရှစ်ကုဋေအသပြာဓနကို ဘာဏ်မှမနှမြော ရက်ရက်ရောစွန့် ကြဲ၍ လှူဒါန်း၊ ဇမ္ဗူတဝှမ်းမှာဟိုးဟိုးကျော်အောင်၊ ဆောက် လုပ်လှူဒါန်းထားတဲ့ ဇေတဝန် ကျောင်းတော်ကြီး ကြည့်ပြီး ပီတိဖြစ်။

ကျောင်းတော်ကြီးဆောက်ထားလိုက်တာ ရှုကြပါတော့""။

ဆန်းလှတဲ့ပန်းပုပန်းချီတွေက အခန်းခန်း အဝဝ အထူးစီ စဉ်လို့ ထားလိုက်တာမတော့၊ အများကြိုက်စရာပ။ ပန်းပု တွေက အကြွကြွနဲ့ တခုစီမို့လို့၊ ဂန္ဓကုဋိကြီး ကတော့ ဘုရားမြတ်စံဘို့၊ သိကြားနတ်ဖန်သလို၊ ပတ္တမြား နဝရတ်အလျှ တမို့မို့ ရွှေရတနာတွေတွာပြီး လေသာ တံခါးပြူတင်းပေါက် ဆီက ကျွန်တော်တို့ ပရမေ၊ ဘဂဝါဘုရား ညှင်းသောက်ဘို့တဲ့



ရွှေငွေရတနာအများတွေကတော့ နင်းခါရှောက်ဘို့ပုလဲအခင်း၊ ဝင်းဝင်းတောက်လို့ တကဲတဲ၊ လင်းရောင်၊ တကွင်းကွင်း အမြတ် ရတနာကျောက် ထန့်သွင်းပြီး။ အတွင်းတကဲ ပလ္လင်ရတနာမှာ ပုလဲပယင်းယှဉ်ခါ တခန်းဆီဆက်လို့မို့ မကန်းအကွက်တွေ မတော့၊ စိန်ဝဇီရာ တိမ်နီအပြာအထပ် အထပ်တက်လို့၊ လျှပ်တ ပျက်တပျက်အလျှံ ဖြာ၊နဝရတ်တချက်တချက် နဘ်ကာပြီးလျှင် ဟိုပြဿဒ်အထက်အတန်ကွာဆီက ဇယန္တာနဲ့မှန်တံခါး၊ ဘုရား ကိုယ်တော်မြတ်ကြီး။ စံတော်မူရှာဘို့ဆောက်လုပ်ထား။ အလျှ ဝါနဲ့ ဥဿဖုရားဖန်မှန်တွေပါ အဟုတ်ထွားပြီးတော့ စမုဒ် တံ ခါးဆီက အရုပ်များနဲ့ ဇာတ်တော်စုံပြဿဒ် အပေါ်ဘုံကို လှမ်း ခါရှုလိုက်လျှင် အထပ်ထပ်ကြော်စုံ ကျွမ်းခါစုပန်းဇာနတွေကလဲ

www.burmeseclassic.com



ကြွမဲ့ဟန်။ လေညှင်းကလေး နှင့်ရင်တောင်မခံနိုင်ဘူး ထင်ရ၊ ဘယ့်ကလောက်ဆန်းသလဲ၊ ကြက်မောက်တန်း သိကြားဇော်ကနက်၊ အထက်အောက် ကြွင့်နန်းအပေါ်က ဖက်ပျောက်အောင် သန်းကျော်တဲ့ နန်းဘော်သုံး သုခမိန်တို့က ရှုချိန်ခါ အခြေပြည့်နှံ့လို့၊ ဇေတဝန်ကျောင်းတော်ကြီးဆောက်လုပ် လှူဒါန်းထားတဲ့ မိမိရဲ့စေတနာ ပီတိတွေဝေဝေဖြာပြီး၊ သေသေချာချာပြုံးပြုံးကြီးရှုစားခါ ယခု ဘုရားပရမေဘဂဝါအရှင်ထံ နောက်တနေ့ ဆွမ်းတော်ကပ်ဘို့ လျှောက်တင်ရန် ကျောင်းတော်အရံသို့ဝင်ပါရောခင်ဗျာ။

သောတရှင်အပေါင်းတို့ခင်ဗျား။ အနာထပိဏ်သူဌေးကြီးရဲ့ စေတနာရင်းဟာဖြင့် အရှေ့ကမ္ဘာချင်းမြီး နေတရာ လင်းသလို ပရမေဘဂဝါသနင်းရဲ့ သာသနာလင်းစေဘို့ ဆောက်လှူတဲ့ ကျောင်းဟာဖြင့် အထောက်အကူကြီးဖြစ်ပေကြောင်း၊ သူတော်ကောင်းတို့ခင်ဗျား။

ဒါကြောင့် သုတ္တန်အဟောထုတ်ပြန်လို့ပြောရလျှင် အနုတ္တရ ပိဋကသအာရမေး အတ္တခေါ်အညတ္တရဒေဝတာ အဘိကံတာယ။ ရတ္တိယာ၊ အဘိကန္တဝန်း၊ ကေဝလကပ္ပံ၊ ဇေတဝနံ၊ ဩဘာသေတ္တာလို့ သုံးလူ့အရှင်ဘော်ဘုရား ရှေးကြောင်းနောက်ဖြစ် ဓမ္မအနှစ်တွေကို ဟောကြားတော်မူရန်နှင့် သုံးဆယ့်ရှစ်ဖြာ မင်္ဂလာ၊ အညတရဒေဝတာလျှောက်ထားလို့ မြတ်ဘုရားသည်ကျောင်းတော်ဟာ ယနေ့တိုင် မှတ်သိကြရသော အနာထပိဏ်သူဌေးကြီးဆောက်လုပ်လှူဒါန်းသော ဇေတဝန်ကျောင်း



တော်ကြီးဖြစ်ပါကြောင်း။ သောတရှင် ပရိတ်သတ်အပေါင်းတို့ခင်ဗျား။

သို့ကလို သူဌေးကြီး ကျောင်းတော်ရောက်တော့ သုံးလူ့ပင်မေမြတ် စိန္တေထွဋ်ဘုရားထံ ဝတ်တွားခါ ငါးပါးသောထိခြင်းနဲ့ ဝပ်စင်းခါ ရိုကျိုးရှိခိုးလို့ သုံးတန်သော စေတနာအရှိန်လွှမ်းလို့ ဝေဝေဆာ အိမ်ဂေဟာတွင် နောက်တနေ့ ဆွမ်းကပ်ဘင်လှူပါမည့်အကြောင်း လျှောက်ထား တောင်းပန်သောအခါ၊ မြတ်ဘုရားဘဂဝါ ဆိတ်ဆိတ်သီးခံတော့ မြတ်ဘုရားထံတရားနာ၍ ဆိထိသည့်ဂွမ်းပမာ ပီတိတွေ လျှမ်းခါဖြာပြီး ခေမာစခန်းသဘောပေါက်သည်မို့ မနောရောက်လက်ဆယ်ဖြာ မပျက်တာ ကယ်သိပ်မှာထားပြီး စိတ်သဒ္ဓါတရားရွှင်ရွှင်နဲ့ ဦးတင်ခါ ဒီးကြိမ်ကြိမ် သုဒတ္တအနာထပိဏ်ရတနာအိမ်သို့ ပြန်ပါရောခင်ဗျား။

သို့ကလို သူဌေးကြီး အရေးပြီးလို့ အိမ်ပြန်ရောက်လျှင် စီစဉ်စရာ အဖြာဖြာကို အခါခါ အလုပ်အကျွေးတို့အား အဟုတ်မနေ့အမိန့်ပေးခါ။ မိုးသောက်နံနက်ဆွမ်းအတွက် လိုလေသေးမရှိအောင် ခဲဘွယ်ဘောဇဉ် ချိုချဉ်ရသာ သဃ်နီးလျှာက အစုံစုံ အဖုံဖုံ လှူဘွယ်ဝတ္ထုအစုစု၊ တခုမကျန် ပြည့်စုံအောင်စီမံပြီး နိဗ္ဗလံရွေခက်နှင့် သွီးကြီးလာဆက်တဲ့ ဆေးယာဂု မှုတစ္စာအာဟာရေပြုပြီး ဆယ့်တမီးကာဗဂ္ဂဏ်ကိုသာဘာဟုန့် အတင်းဖျက် ယွင်းမပျက်ဇောသန်သန်နဲ့ လောကဓံဝိဇလုပ်က တကတဲ အဟုတ်အနှစ်မခံဘဲ ရှစ်တန်သော မင်္ဂအချော်ကို မပျက်စေရန် တိုးပွားဘို့ ကျိုးစားကာ လေးဆယ်သော ကမ္မဋ္ဌာန်း စီးဖြန်းပြီး နိခမတင်ခါ အိပ်ရာသို့ဝင်ပါရောခင်ဗျာ။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း ၇

နောက်တနေ့နံနက် မိုးသောက် အလင်းသို့ ရောက်တော့ ထွင်းဖေါက်နေခြည် ကြည်လင်သန့်ရှင်း၊ အိမ်အတွင်းမှာ ခင်းကျင်းစီမံ ပွဲရံအစုံ အဖုံဖုံနှင့်တကွ လိုလေသေး မရှိရအောင် တည်ခင်းထားပြီး သူဌေးလင်မယား မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးနှင့် လက်ျာရံလက်ဝဲရံ အဂ္ဂသာဝက မဟာသာဝကအရှင်မြတ်များကြွလာမည့် လမ်းမဟာကို မျှော်မှန်းခါစောင့်ကြိုရင်း သူဌေးကြီးသတိရသဖြင့် မေးပါရောခင်ဗျား။

(သူဌေးကြီး) ဝါကယ်ရှုမဝတဲ့သုမန သူဌေးကတော်ရေမယ်မင်း သွားရောဘယ်မှာလဲ အပါယ်ရွာထဲမရောက်ရအောင် မိဘနှစ်ပါးက ရှိသမျှအားနဲ့ လမ်းပြနေတာကို အန္ဓ အခြေပါတဲ့ သင်း ဖအေခြေရာကိုတော့မနင်း လူ့အန္ဓဒိပျင်း အပါယ်ဆင်းတော့မယ်။ မယ်မင်းသွား ခေါ်စမ်းပါ၊ ဘုန်းတော် အလွန်တရာကြီးမြတ်တော်မူသော မြတ်စွာဘုရားကိုယ်တော်မြတ်ကြီး



ဆွမ်းစားကြွလာတဲ့အခါ တရားနာပြီး ဘုရားဘဂဝါကိုဖူးရလျှင် မနော ရွှင်လို့ သဘော ပြင်ချင်ပြင်လာမှာ။ ဘယ်မလဲခေါ်စမ်းခေါ်စမ်း။

(သူဌေးကတော်) ရှင်။ ရှင်မျှော်မှန်းသလို ခေါ်စမ်းဆိုပေမဲ့ မရှိတော့ဘူးတော့။ အိပ်ရာကနိုးကတဲက အဝတ် အစားလဲပြီး တချိုးထဲမြို့ထဲကိုဆိုလား ထွက်သွားဘယ်လေ ကျုပ်ကတောင်ဟဲ့သွားဘယ့်နှယ်များ ယခုလို သွားရတာလဲ။

ခုဆို မြတ်စွာဘုရား ကိုယ်တော် မြတ်ကြီးနဲ့ လက်ျာရံ လက်ဝဲရံ ရဟန္တာအများ ဆွမ်းလာပြီး စားကြတော့မယ်၊ ဝမ်းမြောက် ဝမ်းသာ ဘယ်လောက်များရှိ ဘုံကောင်းသလဲ တပေါင်းထဲဒို့မိသားစုတွေ သတိတရားပွဲပြီး တရားနာရအောင်။ ဒါမှ လားရာဘဝ တုမရှိဘဲ သုဂတိရောက်မှာ သားရဲ့လို့ ပြောတာကို သဘောမပါ နားမထောင်ဘဲ။

ကျွားကျွား ကြောင်ကြောင် အဝတ်တွေလဲပြီး ဘီဒိုအံဆွဲထဲကဘာအထုပ်လဲမသိပါဘူးအနံ့ကတော့ စိမ်းစိမ်းရွှေရွှေ သူ့မျက်နှာ ကြည့်လိုက်တော့လဲ မှိန်းတေတေ ကျုပ်တောင်ပြန်ပြောသွားသေး၊ တရားဆိုတာ ကိုယ်ကျင့်ပါတဲ့ နဂိုကရင့်ပီးသားမို့ အပိုအလုပ်တွေပါအမေရယ်တဲ့ နကိုယ်ရုပ်မို့ အဖေနဲ့ တယ်ရမှာမဆန်းတော့ပါဘူးတဲ့၊ ဒါကြောင့် တကျော မီးပွင့်ဘို့ ဆရာကြီးဘဲ ပင့်တာကောင်းပါတယ်ဆိုပြီး

www.burmeseclassic.com

www.burmeseclassic.com



ဟန်ကောင်းထမျိုးနဲ့ မြန်စောင်းတောင် မထိုးဘဲ တခါထဲဆင်းသွားလိုက်တာ ကျော့လို့ တော်ရေ။

(သူဌေး) ဖြစ်မှ ဖြစ်ရလေ ကျပ်နှစ်မရယ်၊ ဒုက္ခနယ်ကို မင်းသား တိုးနေပါပေါ့လား....ဟင်။

ကိုင်း....ရှိစေတော့ကွယ်ရို့၊ မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီး ကြွလှမ်းတော်မူရန် အချိန်နီးပြီမို့ လှူဒါန်းဘွယ်ဝတ္ထုအစုစု ဘယ်မလင်ရအောင် မယ်မင်းက ကြပ်မတ်ခါ သဒ္ဓါပွားပြီး တသိန်း တသိန်းတန် ကမ္ဗလာ များကို မြတ်စိန္တေကြွ ကြွမဲ့လမ်းတန်းစီလို့ ကိုယ်တိုင်ခင်း။

မယ်မင်းအဖော်မွန်က စားတော်ဝန် ထမင်းချက်တို့ကို ယွင်းမပျက် ဟင်းရံစုံ အကုန်ပြင်ဘို့ အမိန့်ပေးပေတော့။

တသိမ့်ပြကတေ့ သမီး နှစ်ဖော်တို့ကလဲ အပြီးနော် အခါမလပ်စေနဲ့ ကြပ်မတ်လို့ နောက်ကနေသောက်စရာ ရေတော်ကပ်ဘို့ ကိုင်ကာထား၊ တထိုင်စာ ကြားမှာ လက်တော်ဆေးဘို့ ရွှေဖလားခံ၊အနေအထား ဟန်အောင်လဲကြည့်ပြီး စီစဉ်ကြ။

ဒီတွင်မက အရေးရာ လိုတာမရှိရအောင် စခန်းတွင်စေဘို့လမ်းညွှန်လို့ စီမံပေတော့သူဌေးကတော်းရေ....။

သို့ကလို စီမံပြီး သူဌေးလင်မယား ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းစီးဖြန်းပြီးအနေ၊ မြတ်စိန္တေကိုယ်တော်မြတ်ကြီးနှင့်၊ တသတ်ကြီးနောက်ပါ၊ရဟန္တာအရှင်မြတ်တို့



အစဉ်မပြတ် ကြွလာလိုက်ဘာ လမ်းမဌ် စီရိုရိုရွှေတိုင်ကြီးတွေ အလီလီပါကလားလို့ ထင်ရ၊ ဘဝင်ကြွသဘာဒရှိန်တက်နေတုန်း ရတနာအိမ်ထက်သို့၊ သုံးလောကထွဋ်မှထား မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးနှင့်ရဟန္တာအရှင်မြတ်တို့ ကြွလှမ်းလို့ ရောက်ကြပါရော ခင်ဗျား။

သောတရှင် ပရိသတ်တို့ခင်ဗျား။ လောက ပြောရလျှင် အနာထပိဏ်သူဌေးအိမ် ယနေ့အချိန် ဆွမ်းစား အကြွမှာဖြင့် အသရေတော် လင်း လိုက်တာ ဇမ္ဗူမြေပေါ်အတွင်း စက္ကဝ ါမဆန့်သာဘူ့၊ အထက်ဗြဟ္မာ့နှံ့အောင် ဟိုးဟိုးကျော် မိုးပေါ်နှင့် မြေပြင်တန်ခိုးတော် အသရေလွှင်ပြီး လျှပ်လက်သလိုအရောင် တဖိတ်ဖိတ် မှောင်အရိပ် ဘယ်မသန်းစေဘူး၊ စိုးဝင်းထိန်ပြောင် ကိုယ်တော်မြတ်ကြီး၏ အရောင်သည် အမှောင်ဟူသမျှ ပယ်ခွင်း၊ အစုံစုံအရောင်တော်လင်းလို့၊ ကြွခြင်းကြီး ကြွလာတော်မူတာကို သူဌေးကြီးနှင့် သူဌေးကတော်မိသားစုတွေပါ ဖူးမျှော်ကာမြင်တွေ့ရလေတော့။

အားလုံးကုန် ဘဝင်ကြွ၊ ရင်တမမနဲ့သဒ္ဓါပေါက်၊ အရင့်အရင် ကြွတုန်းတွေကထက် စေတနာပေါ်လွန်းလို့၊ ပျော်ပျော်ကြီး မိသားစု ဆွမ်းဒါန ပြုကြပါရော ခင်ဗျား။

ဤကဲ့သို့သဘာအရှိန်မသေးတဲ့ သုဒတ္တအနာထပိဏ်သူဌေး

www.burmeseclassic.com

www.burmeseclassic.com



သိရိသုမန လင်မယားတို့ဟာ ထင်ရှားစွာအလှူပေးသောကြောင့် လူ့ပဂေး ချီးမြှောက်ခါ သမီးနှစ်ယောက်ပါ တရားရကြသဖြင့် မမှားရအောင် လောကဆန်လို့မို့ သောတာပန်တွေ ဖြစ်ကုန်ကြပါရော ခင်ဗျား။ မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးလည်း ဆွမ်းကိစ္စ ပြီးမြောက်၍ ချီးမြှောက်ခါ သာဓုခေါ်ပြီး ရတနာအစုံ သင်္ဃာတသင်းတို့နဲ့ စံရှာရင်းဖြစ်တဲ့ ဇေတဝန်ကျောင်းတော်သို့ ပြန်ကြွတော်မူပါရော ခင်ဗျား။

# အခန်း ၈

ကျောင်းဒကာ သူဌေးလင်မယားနဲ့ သမီးနှစ်ယောက်၊ မဟာသုဘဒ္ဒါ၊ စူဠသုဘဒ္ဒါတို့အား ဘုရားမှ သဖြင့် တရားရကြတဲ့အချိန်၊ သား ကာလသတို့သားနဲ့ အပေါင်းတစုဟာ မကောင်းမှုသဘာကြီးရင့်စေဘို့၊ ပန်းခြံဒေါင့်တနေရာမှာ တဖြာနည်းနှင့် ဆရာကြီးပင့်နေကြတာပေါ့။ ဆရာကြီးပင့်တယ်ဆိုတာ ခေတ်နဲ့နှော့လို့ ပြောတာပါ။ တင်ပဏာသလို့ တောင်းပန်တာပါ။ အကြောင်းခံ ဆိုက်အောင် ပြောရလျှင် လောကတွင် ယစ် ငါးပါးဟာဖြင့် တပါးအပါအဝင် ဆေးခြောက်က ဘင်းလို့ခေါ်ပါတယ်။ ဒါကြောင့် ဘင်းက ဆေးခြောက်၊ဆေးလိပ်တွင်ထည့်ခါ သောက်သမို့ မူးနှောက်နှောက် ရစ်ဝေဝေ၊ ထွေတောတော ဖြစ်လာမှုဖြင့် သူကောင့်သားတသိုက် အပေါင်းများနဲ့ ဟားတိုက်ပြီး ရယ်ရွှင်ကြရတာကိုဘဲ သူတို့အယူက တယ်ယဉ်ဆိုဘဲ။ ထိုထက်ကဲပြီး အူမြူးလိုက်ကြတာ သူတထူးသက်မိုက်ခါ အော့



နှလုံးနာ တကြော့သုံးခါ လာသမျှ ပျို့အံ့မရှောင်ဘဲ လှောင်ပြောင်ကာ အရှက်နဲ့ပြီး သူ့ဘက် သူ့ရဲ့ပမာ ဒီ ယဉ်ကျေးမှုကို ရင်ဝယ်ပိုက် အစဉ်တကယ် မိုက်နေကြတာကို မတော်တာ မြင်လို့ သွားမပြောနဲ့ သွားပြောရင် ဟားတိုက်ခါလှောင်ပြီး ခေတ်ဟောင်းက အတွေးခေါ်နဲ့ ဘေးချော်နေတဲ့ ခင်ဗျားတို့၊ စကားဆိုလို့ လူလယ်လာမလုပ်ပါနဲ့တဲ့ စမူဇယ်ခုတ်ဘို့။

တဏှာနည်းနှင့် ဆရာကြီးပင့်တာဗျာ။ မဆိုင်ရင်ဝင်မရှုပ်ပါနဲ့လို့ နှင်ထုတ်ခံရတဲ့ကိုသာဂေါင်ကြီးဟာ ထိုင်နေကောင်တွေဆီကမျက်နှာလွှဲပြီး။

(သာဂေါင်) ခက်တာဘဲ၊ ဒီအပြုအမူနဲ့ ဒီအကျင့်တွေဟာ၊ကြာ
လာရင် တပြည်လုံးပြန့်၊စိတ်မနှံ့ရူးကြောင်ကြောင်နဲ့။
ဘီလူးကောင်တွေ ဖြစ်ကုန်တော့မယ်။ဒီအတိုင်းကြည့်
နေလို့မဖြစ်ဘူး။ တာဝန်သိပြည်သူတယောက်အနေ
နဲ့အသေ့နှင့်မြို့ဝန်တိုင်မှ။ငါကတော့ ကောင်းစေတို့
ဆိုးမှ တာကို မနာယူတဲ့ တော့ဘဝနဲ့ ကဗျာထူနေ
တဲ့အကောင်တွေ၊နောင်ခါလေကျခါမှ အဖေကယ်ပါ
အမေကယ်ပါလို့ မတ,ကြနဲ့တော့။ သွားပဟာ ငနာ
ကောင်လေးတွေရေလို့။

ကိုသာဂေါင် ထွက်လဲသွားရော။

(နန္ဒ) ဟော့....ကာလ ဒါဟ ဘာသဘောလဲကွ။

(ကာလ) ဘာသဘောရမလဲ အာ,သ ဘောပေါ့ကွ။ အာ
သဘော အာ,သဘော။ သူပြောဒါတွေ ခေါ်တ
ထားလိုက်စမ်းပါ။ ရော့....မင်းအလှည့်။

www.burmeseclassic.com

www.burmeseclassic.com



ထိုကဲ့သို့ မရှက်ပေါင် မျက်နှာပြောင် ဟားတိုက်ပြီး အမှားတသိုက် ခေတ်မှိုနေလိုက်ကြတာ ယစ်အဆီတံခိုးတက်လို့ အဆိုးဘက်ယိမ်း၊ ခပ်မှိန်းမှိန်းမျက်နှာနဲ့ ပန်းခြံထဲအနားလာယူသူတွေကို တအားဆူခါ သံသေးသံကြောင်နဲ့ ရန်ထောင်ခါ မိုက်သွေးစမ်းပြီး၊ စရိုက်လေးခန်းဖွင့်နေကြပါရောခင်ဗျာ။

သော တ ရှင် အ ပေါင်း တို့ ခင် ဗျား။ သို့ကလိုမကောင်းမကန်းနဲ့ သောင်းကျန်းနေကြတုန်း။ ဗြုံးဆို.... မြို့ဝန်ဦးသာအိုးနဲ့ တပည့်ရဲဘက်လူမောင်၊ ကိုသာဂေါင်နဲ့ မောင်ပေါက် သင်းတို့အနားရောက်လာပြီး။

(မြို့ဝန်) ဟေ့....စရိုက်ကြမ်းနဲ့ မိုက်ကန်းတဲ့သတ္တဝါတွေ တခါတလေဆိုရင်တော့မထောင်းသာ အပေါင်းပါ မင်းတို့ကိုလျစ်လျူရှုနေတာကို အခွင့်အရေးယူ ဆိုးချင်တိုင်းဆိုးပြီး လာသမျှလူတွေကိုရမ်းကား၊ ဆန်းဆန်းပြာပြားနဲ့ မတော်တာပြု အဖေါ်သဟာတစုနဲ့ သောင်းကျန်းချင်တိုင်း သောင်းကျန်းနေတာကိုတော့ ချမ်းသာမပေးနိုင်တော့ဘူး။ လမ်းတကာအုပ်စုဖွဲ့ပြီး ရိသဲ့သဲ့ လုပ်လိုလုပ်။ ဈေးသွားကျောင်းပြန်ကြတဲ့ ကုမ္မာရီအများတို့ကို သွားလို့ကိုမရအောင် နှောက်ယှက်။ အဲဒီလိုမတရားနှောက်ယှက် အောက်အထက် သမီးရှင်တွေရဲ့ တိုင်စာ ငါ့အိမ်ကိုရောက်လာတာတထမ်းကြီး။ ဖမ်းပြီးမဆုံးမ့ကောင်းလား



လို့ ရန်တွေ့တဲ့ သားသမီးရှင်တွေဆိုတာလဲ အများကြီးဘဲ။

ဟိုတနေ့က မရွှေစာကဆိုရင်၊ သူ့သားကို မင်းတို့တသိုက်ကရန်စပြီး အုပ်စုနဲ့ ဝိုင်းထိုးတာ ကဆိုးလို့လား မပြောတတ်ဘူး။ နံရိုးကျိုးအကြောပါပြတ်လို့။ ခုသမားတော်နဲ့ ကုနေရတယ်လို့ လာတိုင်ထားတယ်။

ပြီးတော့ ကလေးမကလေးတွေ့ရင် သဘက်သရဲလို အရှက်နဲ့ပြီး လက်ဆွဲကာ အသဲချင်းပေါက်ရအောင်ပြောလို့ ပြောမိဂုဏ်ဖဂုဏ်မထောက် မင်းတို့နှောက်ချင်တိုင်း နှောက်တာကို ဒီတခါတော့ သည်းမခံနိုင်တော့ဘူး အကျည်းတန်သရုပ်ပျက်တို့ရေ။ ငါ့လက်ရှိကြိမ်တုတ်နဲ့ နှက်လိုက်မယ် အရိုးချင်းယှက်ကရောလဟယ်။ (လာလေရောကွာ - လာလေရောကွာ)၂

ကိုင်းမှတ်ထား။ အရပ်ကကြားအောင် မင်းတို့ရဲ့ မကောင်းသတင်းတွေ မောင်းသတင်းကြေငြာပြီး။ နောက်တခါ သည်လိုတွေ့ရရင် ပြေရှာအတွင်း အဆန်းတကာတဲထွင်တဲ့ လမ်းသရဲ့အချဉ်တွေပါလို့ လည်ပင်းစာဆွဲ ဘကတဲ အဆန်းလုပ်တဲ့အကောင်ဆိုရင် အကြမ်းချုပ်နဲ့ ထောင်ကိုပို့မယ်သိလား။ ။ မင်းတို့ရဲ့မိဘတွေဆီလဲ သား ဘွေ ရဲ့ အ ထာ သိရအောင် တိုင်စာပို့မယ်။ ။ကိုင်း....လာ ဒို့[illegible]မယ်

www.burmeseclassic.com

www.burmeseclassic.com



ဤကဲ့သို့ မြို့ဝန်မင်းဦးသာအိုးကိုယ်တိုင် ဆုံးမလိုက်တော့။ ကာလသတို့သားဟာ အရှိုးမျှားထင်နေတဲ့အသားကိုကြည့်ပြီး မှားမိတဲ့ကောင်းမှုကြောင့် အပေါင်းတစု နောက်တခါ ကြိမ်မမြောက်ခင် အိမ်အရောက်ပင် ပြေးကြပါရောခင်ဗျား။

သို့ကလို ကာလသတို့သားနဲ့ အပေါင်းတစုတို့ဟာ မကောင်းမှုကြောင့် မြို့တော်ဝန် ဆုံးမလိုက်သဖြင့် ဒုံးချလို့ ကတိုက်ကရိုက်အိမ်အရောက်ပြေးလိုက်ကြတာ. ကာလ,ကတော့ အိမ်လဲရောက်ကရော။နောက် ဖေးပေါက် ဝရံတာ ကျော်လွှားဝင်၊စားပွဲပေါ် ပြင်ထားတဲ့ ယာဂုနဲ့ သကြားထွေး၊တအားကုန်းလွေးပြီး ဗိုက်လေးလေးနဲ့ ညောင်စောင်းပေါ် အသာမှေးလိုက်တာ တရေးကြီးမျှားတောင် ပျော်သွားပါရောခင်ဗျား။

နန္ဒ၊ ကံ ရ၊ စံပတို့တသိုက်မှာတော့ နောက်ထပ်ပြီး ရိုက်မှာကြောက်လို့ ထ,အပြေး၊ ပန်းခြံဘေးကာထားတဲ့တန်းအကျော် ငန်းဖော်ထားတဲ့ အချွန်နဲ့ ပုဆိုးငြိပြီး ဇောက်ထိုးမိုးမျှော်။ အဲဒီအချိန်မှာဘဲ ဒေါ်ဘုမတို့သားအမိ ရထားမရှိလို့ လျှောက်အပြန်နောက်ကျန်နေတဲ့ သူ့သမီးက။

(သမီး) အမေ့ ဒီအချိန်ဟာ လမုသီး,သီးတဲ့အချိန်လားအမေ

(အမေ) ဟဲ့... ဘာပြုလို့လဲသမီး။





(သမီး) ဟိုမှာကြည့်ပါအုံး အမေရယ်၊ လမုသီးတွေအတွဲလိုက်-
သီးနေကြတာ။

(အမေ) အို...ဒီဟာမ။ ရမ်းပြီးမပြောနဲ့။ သပန်းသီးချောလို့
အလုံးထွားတာ၊ဟိုဂုံးနားအပင်ကသီးတာကိုတောင်
မမှီသေးဘူး။ ဟိုမှာကြည့်စမ်း....အပြွတ်လိုက်-အလုံး
ကြီးကိုရှဲလို့။

www.burmeseclassic.com

www.burmeseclassic.com



ဤကဲ့သို့ ဒေါ်ဘုမတို့သားအမိကလဲသနားကြည့် ကြည့်ပြီး လျှောင်လိုက်တော့ ပြောင်အရိုက်ခံရတာထက် ကြားရတာ ခံပြင်း။

ကြားရတာ ခံပြင်းမှာပေါ့။ ခြံအတွင်းမှာ ဘာမှမသိဘဲကိုး။ သတိလွဲနေတဲ့ ငတေ့သုံးကောင် မတတ်သာတော့ ပုဆိုးချွတ်ပြီး တမျိုးဇွတ် ဖွားဘက်လက်နဲ့အုပ်ပြီး တချက်ထဲ သုတ်လိုက်ကြတာ ငုတ်နဲ့တိုက်မိလို့ ပြဲသွားတဲ့အနာ အိမ်ကျမှ ပြာနဲ့သိပ်ပြီး ဗိုက်ဟာဟာနဲ့ အိပ်လိုက်ကြတာ တရေးနိုးလို့ ထအကြည့် အနားရှိတဲ့လူတွေက သူခိုး-သူခိုးလို့ အော်။ အော်မှာပေါ့။အိမ်မှားပြီး ဝင်အိပ်ကြတာကိုး။တခါ ပြေးရပြန်ပါရောခင်ဗျား။

## အခဏ်း ၉

အဲဒီလိုအဖြစ်။ ဥယျာဉ်မြေအတွင်း အမှုပေ့တဲ့အခင်းက တစ,တစနဲ့ ပျံ့နှံ့ခါ အုင်မရဆီးမရ နောက်ဆုံးကျတော့ အနာထပိုဏ် သူဌေးကြီး နားပေါက်ကြားပြန်ပါရော။ သို့ကလို သူဌေးကြီးနား ပေါက်တော့။ သမီးသုံးယောက်နဲ့ ဇနီးပါခေါ်ခါ။

(သူဌေးကြီး) ကိုင်း....မယ်မင်းသား။ မတော်တာ သော်မာတဲ့အခင်း၊ အဖေါ်သဟာနဲ့ ကမြင်းလို့ မြို့ဝန်မင်းကိုယ်တိုင် ဆုံးမလိုက်တာကို။



သူဌေးကတော်ကြီးမှာ ဒေါသကြီးစွာ စကားဆုံးအောင် နားမထောင်ဘဲ။

(သူဌေးကတော်) ဘာဆုံးမလိုက်တာလဲ။ ကြည့်စမ်းပါအုံးတော် သားသမီးချင်း ကိုယ်ချင်းမစာ။ အဆိုသွင်းစရာ တောင်မရှိရဘဲ မိဘကိုလဲမတိုင်။ သူ့သဘောနဲ့ သူထင်သလို ကလေးတွေကိုကိုင်လိုက်သတဲ့၊ ရိုင်းလိုက်တဲ့ဖြစ်ခြင်း။ သင်းကမြို့ဝန်ဆိုပြီး အာဏာနဲ့ ရာထူးဂုဏ်တင်းသလား။ ဒီမယ်ကိုပိဏ်ရဲ့ စစ်ခင်းလို့ သာပြိုင်လိုက်ချင်သေး။ ဟင်း ...။

(သူဌေးကြီး) ဒီမယ် သူဌေးကတော်ရဲ့။ ဆွေမျိုးဂုဏ်၊ မနုဂုဏ်



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် သားဇောနဲ့ တရားသဘောလွဲ စိတ်လိုက်မာန်ပါ မယ်မင်းပြောနေတာဟာ၊ ရေမလာတဲ့ပိုက်ပုံးတွေသာဆိုက်သလို မိုက်လိုက်တဲ့ဖြစ်ခြင်း။ ဒီမယ်မယ်မင်း၊မြို့ဝန်မင်းဆုံးမ,လိုက်တာဟာ ရုံးကျအောင်မလိုက်ရတာတော်လှပေါ့။ ခင်ဗျားတို့ စိတ်မဆိုးကြနဲ့.....။

မယ်မင်းသား ကောင်းစေဘို့ ပူပြင်တာကို ကျေးဇူးတောင် တင်ရအုံးမယ် မှတ်ကြပေတော့ ကွယ်တို့။

တကယ်လို့ အချုပ်အနှောင်ခံရလျှင် အကြံရပင် ကြပ်တော့မယ်။ ဆပ်ဆော့တဲ့ သားတဖြာကို ဘုရားဘဂဝါထံ တရားနာဘို့ ယခုအမြီး အနုနည်းနဲ့ မမှားမစောင်းရအောင်၊ ဘုရားကျောင်းပို့မှတော်တော့မယ် ကွယ်ရို့လို့။

သူဌေးကြီးပြောစကား သိရှိသုမနသူဌေးကတော်ကြီး ကြားရတော့။ သားသူ့အတွက် ရတက်မအေးအပူမီးမွေးသလို ဖြစ်ပြီး။

(သူဌေးကတော်) ဟင်သားလှအတွက် မကောင်း သတင်းတွေဝေဝေလျှံလို့ ရဝေစံမယ့်ရင်နှစ်ကလေးရယ် တကယ့်အစဉ်ချစ်ရတဲ့၊ မိမာတာပါ၊ သားလှအတွက်ကြားရချက် မသက်သာ သက်ခန္ဓာအဆုံး မနေးရအောင်(ကိုပိဏ်ရေ ) ကျုပ်နှလုံးသွေးတို လှချည့်ရဲ့လေး....။

(သူဌေးကြီး) ကိုင်းဒေါ်သုမနရေ နှလုံးသွေးလဲတိုမနေနဲ့တော့စာ



ကုန်းကလေး ငေါတို့သား အပါယ်မလားရအောင် ဆွယ်တရားနဲ့ သမီးတွေနဲ့ အမိ သုံးဖော်ကာတနည်းတန္နီးမျှော်ခါ ဝိုင်းကူဖေးပြီး ရှိုင်းသူကလေး မင်းတို့အကိုကို မယွင်းဘို့ တာဝန်ယူကြပေရော့ သုံးလူ့ဘမြတ်ပရမေစံတော်မူတဲ့ ကျောင်းတော်ကို ပို့ကြရအောင် ယနေ့အဖို့ ဒီတွင်ရပ်ပြီး ဗုဒ္ဓကိုမပြတ်မှီးခါ တရားအစဉ် ပွားကြပေတော့ ထင်အရှားနိုက္ခမတင်လို့ စိတ်ကအစဉ်သိမှတ်စရာဝိပ္ပဿနာတင်ခါရှု မင်္ဂလာပြုမြဲ ပြုကြပေတော့သမီးတို့။

(သမီးများ) ဟုတ်ကဲ့ပါဖေဖေ နုနယ်တဲ့ကိုယ်ဘဆွေကို နဂိုရ်နေ့အထက်ရောက်စေဘို့ ဘဝဂ်မှပါက်ဝိုင်းကူလို့ ဖေးပါမယ် အေးအေးသာစံတော်မူပါရော့ ကျေးဇူးတော်ရှင် မွေးမိခင်နှင့် ဖခင်တို့ရှင်။

# အခဏ်း ၁၀

ဤကဲ့သို့ မိသားစုသတိတရားရှုခါ ဆောင်ထိီးအထက်မောင်ကြီးအတွက် ဒါနအရံတွေနဲ့ အာမခံလို့ ပေးကြပါရောခင်ဗျား။

လောကပြောရလျှင် သောတရှင် ပရိသတ်တို့ခင်ဗျား။

ကာလသတို့သား ကတော့ စိတ်ဓါတ်က နည်းနည်းမှ မလျှော့သေးဘူး မဂ္ဂလိ ဂေါသာလပူရဏကဿပအဇိတကေသကမ္ဗလ အရည်းကြီးဂိုဏ်းသို့ မဆိုင်းဘဲဝင်ချင်လို့ တမင်ပင် အဖွဲ့

www.burmeseclassic.com

www.burmeseclassic.com



တိုက်ပြီး တကယ့်အမိုက် ဇာတ်ကြောင်ရှင်တို့ ထပ်လောချင်ပြန်ရောခင်ဗျား။

ဒါပေမဲ့ အကြောင်းရှာလို့ မကောင်းတာမြစ်တားရစ်မဲ့ မိဘတို့ဝတ္တရားရှိသည့်အတိုင်း မကောင်းမြစ်တာ ကောင်းရာညွှန်လတ် အတတ်သင်စေ ပေးဝေနှီးရင်း ထိမ်းမြားခြင်းလျှင်ထိုင့်ါးအင် ဖခင်မယ်တို့တာ ဆိုသည့်အတိုင်း မိဘဝတ္တရားအပြစ် မြင်ရင်တားရတာမို့ ငယ်ကဆရာမည့် ထိုက်စွာပုပ္ပရိယ မိနှင့်ဖဟု ကဝိအရှင် ဆရာတစုက စာပြုလို့ ကျမ်းဘင်ခဲ့တာကို လမ်းစဉ်နဲ့အညီ သားအလှကို တရားရဘို့ အနာတပ်ဖြသူဌေးကြီးဟာ အရေးကြီးစွာသားကိုချော့ခေါ်ပြီးမြဘ်စွာဘုရားကျောင်းတော်သို့ သွားကြပါရောဗျား။

သားရေ မောင်ကာလ ဟောဒီကျောင်းတော်ကြီးဟာ အကြောင်မျှော်ပြီး ဒို့သားအဖတွေ ဆောက်လုပ် လှူထားတဲ့ ကျောင်းတော်ကြီး ဘယ်လောက်ခမ်းနားလိုက်သလဲ ဆန်းပြားလိုက်တာလဲလွန်ရော ကြည့်စမ်းပါအုံးသားရယ် ကျောင်းတော်ကြီးဆောက်ထားလိုက်တာ ဘုံဆောင်အားဖြင့် သုံးဆင့်တန်းချင့်လို့ အမြင့်နေရာမှာ တဆင့်တဆင့်ဘုံအဆောင်၌တဆောင်မျှတိုက်ခန်းရှိသကဲ့ ဂန္ဓကုဋီ ရေရီကကုဋီလေးကုဋ္ဌေ အခြေဆင့်ပြီး အသရေတင့်လိုက်တာ အံ့မခမ်းတင့်တယ်လို့ တထောင်သော ပြဿဒ်အရံနဲ့ အထပ်ထပ်ကြခါ များလှစွာသော စကြမဏ္ဍပ် ဇရပ်ဂူလိုဏ် ယှဉ်ပြိုင်ခြံရံခါ ဆောက်လုပ်ထားလိုက်တာ သိကြားနေရာ ဝေဇယန္တာပြဿဒ်ကဲ့သို့ထူးထူးမြတ် ဆန်းကျယ်ပြီးရှုဘွယ်ဘနန်း လူ့နယ်မှာအံ့မခန်း ဇက်သမားတထောင်တို့



နဲ့ ကိုးလတိုင်တိုင် ဆောက်မှ ပြီးမြောက်တဲ့ ဒီကျောင်းရတနာလောင်း၍ အသပြာပေါင်း တဆယ့်ရှစ်ကုဋေ ပေးချေခဲ့ရကြပြီး မရှိဘဲ သဒ္ဓါဖက်လို့ ဘဂဝါအတွက် ဆောက်လုပ်လှူဒါန်းတဲ့ကျောင်း ဇေတမင်းသားတို့ရဲ့ ဥယျာဉ်ကို အထူးပင်ပေးဝယ်လို့ အရေးတကယ်ပြီးမြောက်သဖြင့် ချီးမြှောက်ခါအခြေပြည့်နှံရလျှင် ဇေတဝန်ကျောင်းတော်ကြီး ကောင်းမတော်အပြီး မြတ်ဘုရားကပ်စဉ်က ငါ့သားမြတ်ကိုယ်တိုင် မောင့်နှမတွေနဲ့တသောင်းစကြာဝဠာကို ရေစက်ချတုံးက ပြုံးပြုံးပြုံးပြုံးနဲ့ပလှူဒါန်းတာဇမ္ဗူတဝှန်းမှာဟိုးဟိုးကျော် ဘယ့်ကလောက်ပျော်စရာကောင်းလိုက်သလဲကွယ်ဟင်။

အခုကျခါမှ ငါ့သားအလှသတိုးဇော်ကလေးရဲ့ အဖေရဲ့ တိုးတိုးဖေါ်တောင်မရတော့ဘူးလားဟင်။

မမှားချင်ပါနဲ့ သားသားရယ်တရားမြင်စရာ ဖေဖေပြောမယ် လောကအလယ် လူရယ်လို့ဖြစ်လာရင် အပြီးအစမရှိပေမဲ့ သုံးဘဝတော့သိရမယ် အတိတ်ဘဝကောင်းမှုကြောင့် အကြောင်းစု၍ ပစ္စုပ္ပန်မှာ အသစ်ထုပ်ရန် အခြေအနေ ပေးလာသဖြင့် ရွှေငွေခွေးခါ ချမ်းသာကြွယ်ဝပေမဲ့ ဘရမ်းဘတာနယ်မှာ နှစ်မြုတ်ပြီး အငေါ်တူးလို့ အပျော်ကြူးခါနေမှုဖြင့် သေရတဲ့ အခါ အယူမဖြောင့်ဘဲ အပူမှောင့်စွဲလို့ လားရာဂတိမှာအမှားသာရှိတော့မယ်။

ဒါကြောင့် ခုကောင်းမှနောင်ကောင်းမယ် နောင်ကောင်းအောင်ခုကောင်းကြံပကွယ်လို့။ သံသရာနယ်ခရီးဆုံးစေဘို့အပြီးသုံးခါ လမ်းညွှန်၍ထားခဲ့တဲ့ ကျမ်းဝင်စကား တရားအမှန်ကို

www.burmeseclassic.com

www.burmeseclassic.com



ငါ့သားနာခံ၍ ပါရမီဖြည့်ပါလားသားရယ်။ သား-ဘယ့်နှယ်လဲ ငါ့သားက လိမ္မာပါတယ်။

ယခုလိုသူဌေးကြီးက အရေးတကြီး အကြိမ်ကြိမ် အခါခါ မေးနေတာကို ကာလသားတို့သားကတော့ အချိုးမကျမျက်နှာနဲ့ အင်းလဲမလုပ် အဲလဲမလုပ် ကျောက်ရုပ်ကြီး မှင်သက်မိသလို အချဉ်ဖက်သည့် ကတုံးဘစနဲ့ ဆံပင်မရှိတာကို လက်နဲ့ပွတ်ပြီး ခတ်တုန့်တုန့်နေတာသေအချာ သူဌေးကြီး မြင်လိုက်ရတော့ ဘဝင်ခိုက် စိတ်မကောင်းဖြစ်ပြီး။

(သူဌေးကြီး) ကိုင်း....လာသား....ဒီကဘဲ လှည့်ပြန်ကြစို့ ဒီနေ့အဖို့တော့ ကျောင်းတော်ရဲ့ အဝရောက်အောင် လိုက်တာကိုဘဲ ဖေဖေ ဝမ်းမြောက်လှပါပြီ စခန်းတထောက်ဒီမှာထားပြီး ရှည်အကြာ မမှားရအောင် သားလှမောင် စိန်နားပန် အိမ်ပြန်ကြစို့ လို့ သူဌေးကြီးနဲ့သား အရေးကြီးတဲ့စကား ဆုံးမပြီး ပြန်ခဲ့တာ အိမ်တော်သို့ ပြန်ရောက်ကြပါရောခင်ဗျာ

## အခန်း ၁၁

အိမ်ပြန်ရောက်တော့ သားအဖနှစ်ယောက် စားစရာ ယာဂုထမင်း ဘာဝကြီး ခံတွင်းသွင်းပြီး တိုက်ခန်းတွင်း ဝင်၍သွားတဲ့သားကို သူဌေးကတော်ကြီးက ကြည့်ပြီး။

(သူဌေးကတော်) ဘယ့်နှယ်လဲ ကိုပိဏ်၊ နဂိုရိုတသိမ် ပုတ္တသား



ဗုဒ္ဓဘုရား ထုတ်ပြတဲ့ တရားကို သားနားဝင်ပုံပေါက်ရဲ့လားဟင်။

(သူဌေးကြီး) နားဝင်ပုံ ပေါက်ဖို့ နေနေ သာသာ ဘုရားရှင် ထံတော်တောင် မရောက်ခဲ့ပါဘူးဗျာ။ သင်းအခြေအကြောင်းမလှလို့ ရွှေကျောင်းဝကဘဲ လှည့်ပြန်ခဲ့ရတယ်။ ဒါပေမဲ့ ကျုပ်အကြံတခုရတာက ကိုနုလှတဲ့ သားရတနာကို ဘုရားဘဂဝါထံ အရောက်သွားအောင် အထောက်အထား အသပြာနဲ့ နှင်းရရင် အသပြာမက်တဲ့ ရတနာခက်ဟာ တခါထဲ ဘဂဝါဘက် တဖြေးဖြေး ပါလိမ့်မယ် ထင်တယ်။ ဒါကြောင့် နောက်တနေ့ တိုင်ပင်ခါ ဒို့မိသားစုက အသပြာထုပ်ပြပြီး ဗုဒ္ဓနဲ့ နီးဘို့ သူဌေးကြီးဟာ သားအတွက် ခရီးမှန်စေဘို့ တနည်းကြံရပြန်ပါရော။

သို့ကလိုနဲ့ နံနက်မိုးသောက် အလင်းရောက်လာတော့ ဇနီးမယားနဲ့၊ သူဌေးကြီး သမီး,သားပါ ခေါ်ပြီး။

ကိုင်း....သား မောင်ကာလ၊ အဖေတခုပြောမယ်၊ သောတဝယ် မပြတ်ကြားပြီး မှတ်ထားခါ နည်းယူနော်၊ ဒီလို ရှိသကဲ့၊ စီးပွားမတွင် တိုင်ပင်မရ ဝမ်းဝစားလို ကုသိုလ်မဖြစ် ကျင့်မူညစ်နှင့် ဘုံးတောင်း အတူ ပေါ်သွတ်သူအား လူဟုဒိဋ္ဌ ခေါ်ဆိုရလည်း ငရဲဇာစာရင်း ပါလေလျှင်းသည် လူပျင်း ညည့် လူရှုံးတည်းတဲ့။

www.burmeseclassic.com



ထို့ပြင်မကာ ပမာပြုရလျှင် သာမကေတွေ အဖုံဖုံမို့ ကြုံလာတော့မှ အမိ တ,ပြီး သတိရပါပြီလို့ ဆိုတာက နှောင်တဘဲ၊ နှောင်တဆိုတာကလဲ နောက်မှ ရသတဲ့၊ မှောက်တာက ယခု သည်ဟာတွေ သတိပြုဘို့ ဆုံးမခဲ့တာလဲ များပြီ၊ တရားဆိုလဲ မကိုန်း ဘုရားဆိုလဲမယိမ်း သဿဝေယျာဝစ္စဆိုတာတော့ နလပိန်း။

ငါ၏ သား ဖြစ်ပါလျက် ဘုရားထံတော်သို့လဲ မသွား၊ ဘုရားကြွလာသည်ကိုလဲ မဖူး၊ တရားလဲ မနာယူ၊ သဿဟူ၍မှလဲ မသိ။ ဒီလိုသာနေပြီး လှည့်လည်ဘိက အဝီစိသာ လားရတော့မယ်။ ငါအဖ ရှိလျက် သားနဲ့ သတိပျက်ပြားပြီး အယူမှားလို့ ငရဲလားရခြင်းသည် မလျောက်ပတ်။

လောကဌ် အမှားရှိက အမှန်ရှိမြဲမို့ ပညာဉာဏ် သတိတွဲခါ သားအလိုဖြည့်ပေးမယ် အဖေ့အလိုလဲ ဖြည့်ပေတော့။ ယနေ့ပင် မရွေ့ခင် ငါ့သား ကျောင်းတော်ကိုသွားတဲ့ခါ တရားနာလို့ ပြန်ခဲ့လျှင် တခါနာ အသပြာ တရာ ပေးမယ် စိတ်အေးရော မဟုတ်လား ကွာ....လို့။

သူဌေးကြီး ဥစ္စာနှင့် ဖြားယောင်းခါ သား ကောင်းတာ မြင်ချင်လှန်းလို့ တနည်းကြံရ၊ လောက ဥစ္စာကို ပေးသဖြင့် ဥစ္စာကို မက်ကြလို့ မပျက်တဲ့ သတ္တဝါ ဘယ်မှာမရှိ၊ ဒါတွေကို သိထားတဲ့ သူဌေးကြီး၊ သားကို ဥစ္စာပေးပြီး သွေးဆောင် အရေး



အောင်အောင် ကြံစီရခြင်းဖြစ်ပါကြောင်း သောဘာ ရှင် အပေါင်းတို့ ခင်ဗျား။

သို့ကလို သူဌေးကြီးက ကာလသတို့သားကိုတမျိုး အားဖြင့် အကြောင်းမျှော်၍ ကျောင်းတော်သို့ သွားအောင် အပြင်းညာဏ် တနည်းကြံခါ သွေးနှိုးပေးလိုက်တော့ ကလေးဆိုးသဖွယ် အသပြာရမယ် ဆိုသဖြင့် ကိုယ်ဝင့်ခါ အဖကိုသေချာအောင်မေးပါရော။

(ကာလ) တကယ်လားအဖေ့ ကျောင်းတော်ကိုသွား၍ မြတ်ဘုရားရဲ့ တရား တခါနာလျှင် အသပြာ တရာတကယ်ပေးမလားဟင်လို့။

သုံးကြိမ် သုံးခါ ကတိတောင်းတော့ သားအကြောင်းသိတဲ့မွေးဖေဖေက။

(သူဌေးကြီး) အေးလေကွာ အဖေ့မှာရှိတဲ့ ငွေတွေဟာ မင်းအတွက်ပါသားရဲ့ မနက်ဖြန်ခါ ကျောင်းတော်ကိုသာ သွား တရားနာပြီးမှပြန်ခဲ့ တရာသော အသပြာကို ဘဂ္ဂဝါဟောတာ နာခဲ့လျှင် တခါထဲပင် ရစေမယ် လက်ငင်းကွလို့။

ပဋိညာဉ်ပေးလိုက်တော့ အတွေးမိုက်နဲ့ မောင်ကာလ နှောင်ခါကျမှ ဘာဖြစ်ဖြစ် ငွေရတာသာ ပဓာနအစစ်ဟု၊ ဘဂ္ဂဝါ ဘုရား မွေ့ဆုံကျောင်းတော်သို့ ငွေရကြောင်းမျှော်ပြီး နောက်တနေ့ကျောင်းတော်သို့သွားပါရောခင်ဗျာ။

www.burmeseclassic.com



ယခုလိုသွားပြီး ကျောင်းတော်ကိုရောက်ပေမဲ့ တရားကိုကားမနာယူ ကျောင်းပရဝုဏ်သစ်ရိပ်ကောင်းမှာ လဲလျောင်းခါ အိပ်စက်လို့ နေ့တဝက်အချိန်ဖြုန်းပြီး ဉပုဒ်သုံးကျင့်ကြံသလို အတွင်းခံ မမှန်သဘောနှင့် ခတ်စောစော အိမ်သို့ပင် အချိန်မရှိ့ခင် ပြန်လာပါရောခင်ဗျား။

ယခုလိုအိမ်ပြန်ရောက်လာတဲ့သား သူဌေးကြီးမြင်ရတော့ ရှင်ပျတဲ့စိတ် သားအပေါ် ပီတိတွေဖိတ်တဲ့ပြီး နိုတ်ဟဲ့ လို့ အောင်းမေ့ခါ။

(သူဌေးကြီး) ဟဲ့ သမီးတို့ ငါ့သားကြီး ကျောင်းတော်က တရားနာပြီး ပြန်လာတာ ဝမ်းဟာရောမယ် မွန်းမတိမ်းခင်ယာဂုနဲ့ နို့ထမင်း ချက်ချင်း ဘာကြောင့်မဆက်ကြတာတုံးလို့....

သမီးတွေကို ခေါက်သလိုလိုနဲ့ သားကို မြှောက်ခါကျွေးစေပါရော။

သို့ကလို ယာဂုနဲ့ နို့ထမင်း ချက်ချင်းပင် ပြင်ခါကျွေးပေမဲ့ အသပြာယခုလက်မရောက်သဖြင့် နို့ယာဂုကို တစက်မျှမသောက်ဘဲ ဆန္ဒပြုပါရော။

အဲ ဆန္ဒပြုတာ ဖပိတာ သဘောပေါက်သဖြင့် လက်အရောက် ငွေအသပြာ တရာပေးလိုက်တော့ ဆေးကြိုက်တဲ့မောင်ကာလ၊ မရှောင်တခဏ ဆွဲတဲ့ယူပြီး ယာဂုနဲ့ နို့ထမင်း တချိုးထဲသွင်းလိုက်တာ ဗိုက်ကြီးများတင်းလို့၊ အင်းအင်းနဲ့ နေတာပေါ့။



ဤကဲ့သို့ အတန်တန်ပြု အကြံတခုသူဌေးထုတ်ရပြန်ပါရော။

(သူဌေးကြီး) ဒီနေ့တော့ ငါ့သားချစ် ကျောင်းတော်ကို သွားဖြစ်အောင်သွားပြီး မြတ်စွာဘုရား ဟောကြားတဲ့တရားတပိုဒ် သင်ယူလို့ မှတ်သားခါပြန်ခဲ့၊ တရားတပိုဒ်သင်ယူလို့ မှတ်မိရင် ထပ်ဖြည့်လို့ ဟောဒီရတနာဆောင်မှာ အသပြာတထောင် ထင်မံလို့ပေးအုံးမယ်ကိုင်းဘယ့် နှယ်လဲသား မေးလိုက်တော့။

မောင်ကာလ သတိုးသားဟာ အဖေကြီးပြောလိုက်တာကြားတော့ မနှောကြိုက်။ သဘောကြိုက်သွတိုက်ဖြစ်ပြီး။

(ကာလ) စိမ်လိုက်အဖေ ကတိသာတည်ပါစေ။ ဒီတခါလေကျောင်းရောက်လျှင် ဗုဒ္ဓဆိုက်တရား ကျုပ်ရပြီးသာ ထားပေတော့လို့ ပြောပြီး။ နောက်တနေ့ကျောင်းတော်သို့သွား ပြန်ပါရော ခင်ဗျား။

ကာလသ တို့သား ကျောင်းတော်ကိုရောက်တယ်ဆိုလျှင်ဘဲ တကတဲ၊ စိတ်ထဲမှာစွဲလာတဲ့ ငွေမက်တဲ့ဇောဟာ အခြေပျက်တဲ့ သဘောအသွင်ပြောင်းပြီး အစဉ်မကောင်းခဲ့သောအဆိုးစိတ်ဟာ မြတ်စွာဘုရားတံခိုးရိပ်မှာ ခိုလှုံမိသောကြောင့် အသိသဘောအနည်းငယ်ဝင်လာပြီး အကျိုးတရား အနည်းငယ်ယူဉ်လို့ အပြီးတကယ်ပင် တရားတပိုဒ်မျှ အားစိုက်ခါသင်ယူရမည်ဟု စိတ်ကကြံပြီး ဗိဋ္ဌအမှန် အဆွေပီနှင့်

www.burmeseclassic.com





တင်ချီခါ ဝပ်တွားလို့ မြတ်ဘုရား ဟောကြားနေတဲ့မမွေ့သဘင် မောင်ကာလ ဝင်တဲ့ခါ တရားနာဘုရားဘာဂဝါ တရားတပိုဒ်ဆုံး၂ါရော။

ဟာနောက်တပိုဒ်သင်ယူမည်ဟု အစဥ်ဆူနေတဲ့စိတ်နဲ့ဆက်၍တခါနာပြန်ပါရော ဘုရားဘာဂဝါကတော့ တံခိုးတော်နဲ့အကုန်သိနေတာပေါ့

ဆိုမိတဲ့ အတိတ်ကပါလာတော့ သို့ကလို မောင်ကာလ သတို့သားဟာ အကျိုးများခါ၊ အမှားတော့အကုန်မြင်လို့ ဂုဏ်ဘင်ခါသဘော မာတ်ငြိပါသဖြင့်သောတာပတ္တိဖိုလ်၌တည်တော်မူပါရောခင်ဗျား

သောတရှင်ပရိသတ်အပေါင်းတို့ခင်ဗျား။

အတိတ် ဇာတ်ကြောင်း ထောင် အသပြာကစလိုက်သဖြင့် မောင်ကာလတရား၌ ကြည်ညိုမဆုံးတော့ဘဲတည္လုံးတရားနာ ဘုရားဘာဂဝါ၌ သဒ္ဒါဇောကြည်ပြီး တည့သောအရှည်-ဘာမှမအောင့်မေ့တော့ဘဲ တအောင့်ကလေး ပါလာ းလို့တောင် စိတ်



ကထင် နံနက်မိုးသောက်အလင်းသို့ ရောက်တယ်ဆိုလျှင် ဘုရားအမှူးရှိသော ရဟန်း သံဃာ အများနဲ့



အတူ ကြည်ကြည်ဖြူ သာဝတ္ထိ ပြေမှန် ဇေတဝန်ကျောင်းတော်ကကြွ၍ သဒ္ဓါအနာထပိဏ်သူဌေးအိမ်နေ့အချိန်ဆွမ်းစား ကြွလာတော် မူပါရောခင်ဗျား။

မြတ် စွာ ဘုရား ကိုယ်တော်မြတ်ကြီးဆွမ်းစားကြွလာရမှာ နောက်ပါးကခတ်ရို့ရို့ပါလာတဲ့ သားဟာ ခါတိုင်းနဲ့မတူ တမူထူးလို့ ကြည်နူးဘွယ်အိန္ဒြေနဲ့ ပါလာတဲ့သား သူဌေးကြီးမြင်လိုက်တော့ ဘဝင်ခိုက်ပီတိဖြစ်ပြီး နှစ်သက်ဘွယ် ကောင်း လေစွ ဟုအောင့်မေ့ခါ ဘုရားကိုယ်တော်မြတ်ကြီးနဲ့ သံဃာတော်တို့ကို ဆွမ်းအဖြာဖြာ ခဲဘွယ်တို့ကို ဆက်ကပ်လှူဒါန်းပါရောခင်ဗျား။

သို့ကလို လှူဒါန်းနေသောအချိန် တနေရာမှာ

www.burmeseclassic.com



ခတ်ငြိမ်ငြိမ်ကလေးနေတဲ့ မောင်ကာလ ထောင်အသပြာကစလိုက်တဲ့ ၄ ါ၏ဖခင် ဘုရားရှင်ရှေ့တော်တွင် ၄ ါကိုအသပြာဇပေးလျှင် ကောင်းလေစွ တွေးပြီး ဘုရားရှင် မသိအောင် ဖခင်ကြီးသတိဆောင်ပြီး ဖုံးဖိထားလျှင် ကောင်းမှာဘဲလို့ ကြံစည်နေတာကို ပရမေဘဂဝါ မြတ်အရှင်ကအတတ်ဖင်အလုံးစုံသောအဖြစ်ကို သိမြင်တော်မူသည်သာတည်း။

သူဌေးကြီးသည် ဆွမ်း ခဲဘွယ် ဘောဇဉ် ယာဂုအစုစုလှူဒါန်းပြီးသကာလ သားကိုလည်း ယာဂုနှင့်အဖျော်ယမကာတို့ကို ကျွေးလေသည့်အခါ။

မောင်ကာလကလည်းအောင် ကာစတရားကလေးနဲ့ အေးအေးပင်စားသုံးလေတော့ ဘုရားဘုန်းရှေ့တွင် သားတော်မောင်အား တရားစပေါ်တထောင်အသပြာကို ရှေ့ချ၍ ပေးမှုကာ။

(သူဌေးကြီး) ချစ်သား၊ ငါသည် ဥစ္စာတထောင်ပေးမည်ဟုဆိုပြီး ဥပုသ်စောင့်သုံးစေလျက် ကျောင်းတော်သို့စေလွတ်ခဲ့တာ ကတိတည်စွာပေးပြီ။ ဒီအသပြာကိုကြည်ကြည်သာ သုံးပေတော့ ရှော့....လို့ ။

အသပြာတထောင်ကို ပေးလိုက်တော့၊ အတွေးဆိုက်ခါ အကျိုးတရားမြင်လို့ အဘိုးထားတဲ့ တရားအတွက် အရှက်ကြီးရှက်ပြီး ငွေအသပြာကို အတင်းတကာယ်နှင့် ငြင်းပယ်တော့တာပေါ့။

ဒီတော့ သူဌေးကြီးက အရေးပေးပြီး ယူပါ



သားရဲ့လို့ ပေးပေမဲ့ လက်မခံ၊ အဖက်မတန်အသေးအနုပ် အရေးတောင် မလုပ်တော့ပါဘူး၊ သောတာရှင် ပရိယတ်အပေါင်းတို့ခင်ဗျား။

သို့ကလိုအခင်း သားတော်မောင် ငြင်းပယ်တာကိုတွေ့လိုက်ရတော့ ရှေ့....ကြိုက်ပဟာ၊ အမိုက်ဘုဝကတော့ ပြောင်းဘီလို့ တွေးပြီး။

(သူဌေးကြီး) မှန်လှပါ သုံးလောကထွဋ်ထား သဗ္ဗညုမြတ်စွာဘုရား။ ယနေ့အတို့ တပည့်တော်၏သားသည် နှစ်သက်ဘွယ်ရာ ရှိပါသည်ဘုရား။

ဟု နားတော်လျှောက်တော့။

မြတ်စွာဘုရားကိုယ်တော်မြတ်သည် ကာလသတို့သားအပေါ် မြွက်ခါ။

(ဘုရား) မှန်ပေ၏ ကျောင်းကကာ။ နှောင်းအခါက သဏ္ဍာန်မဟုတ်၊ တကာသူဌေးရဲ့သားသည် ငါဘဂဝါပေးတဲ့ တရား အစဉ်နာရသဖြင့်၊ မယှဉ်သာမဂ်အရေးကြောင့် စကြာဝတေးမင်း စည်းစိမ်ထက်ရှင်း၊ နတ်ဗြဟ္မာစည်းစိမ်ထက်ရှင်း၊ သောတာပတ္တိဖိုလ်သည်မြတ်ပေပြီဟု။

ပထဗျကေရဇ္ဇေန။ သဂ္ဂဿ ဂမနေနဝါ။ သဗ္ဗလောကမိပစ္စေန။ သောတာပတ္တိဖလံဝရံဟု။ ။ဓမ္မခံထုတ်ပြန်၍ ဟောတော်မူတော့။

ရှပ်နာမ်သဘောယူပြီး တရားနာနေတဲ့ အနာထပိဏ်သူဌေးကြီးရဲ့သား မောင်ကာလ အဆိုးအညစ်

www.burmeseclassic.com



ကလေးဟာ၊ အကျိုးဖြစ်ခါ တမင်ဘာဖိုလ်ဆိုက်သည့်
ဇာတ်ဝတ္ထု သိမှတ်စရာ နိပါတ်အလာ ဘုရားဟော
ကို အများသော လုပ်သားပြည်သူအဒပေါင်းတို့အား
နှောင်းအဘို့ သားရတနာကလေးတွေကို တဆုးရှာ
သည့်အခရေး တင်ခါဆက်လိုက်ပါတယ် မင်ဆိုက်၍
စဉ်မကွာ တသက်ချမ်းသာကြစေဘို့ ကျမ်းခမ္မာအရ
ပြေရွာမဟိ မှောင်မဖုံးစေရအောင် စေတနာအရှည်
နောင်မဆုံးပါဘူး ကျွန်တော် ဝေသာလီမောင်ဖုန်း
က ခေတ်ကာလနဲ့ယှဉ်ပြီး ဓမ္မာသဘောအဆက်အ
ချိတ် ဝါရေနဲ့ဖက်ကြိဘ်လိုက်ပ စာပြောကွက်ခိပ်
အသံထွက်ဇာတ်သမ်း မှတ်ဘမ်းတင်ခါ ဒီဘွင်ရပ်ကြ
ဗိုလ်ရဲ့၊ မှဘ်စရာ ဇာတ်အလာ ဒီတွင်ပေါင်းပါပေါ့၊
ညောင်းတာကလေး အပန်းဖြေရအောင် ကျမ္မာကြ
ပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါတော့
သည် သောတရှင် ပရိသတ်အပေါင်း သူတော်
ကောင်းတို့ခင်ဗျား။

- ဤတွင်နိဋ္ဌိတံ။

## ဆန်းညွန့်ဦး မှ စာအုပ်ကောင်းများ

www.burmeseclassic.com

○ **အိမ်တွင်းဆရာဝန်။ (ပထမတွဲ)။ ဦးသိန်းထွန်းမြင့်။**

ဦးသိန်းထွန်းမြင့်ပြုစုသည့် ဆေးစာအုပ်ဆိုလျှင် အထူးပြောဘွယ်ရာမရှိ။ နှစ်ပေါင်း ၂၅ နှစ် တိုင်တိုင်ကိုယ်တွေ့ကုသချက်များကို ရေးသားထား၍ ရှင်းလင်းပြတ်သားလှူကြိုက်များခြင်းဖြစ်သည်။

အိမ်တွင်းမှာဆရာဝန်တယောက် ရှိနေသလို အားကိုးရမည်။

○ **ချက်နည်းပြုတ်နည်း ၅၀၀။ ။ဦးကြီးပု**

အထူးကြော်ငြာရန်မလိုပါ၊ပိုမိုစုံလင်သောနည်းပေါင်း(၆၅၀)တို့ဖြင့် ကိုယ်တိုင်ချက်ပြုတ်လုပ်ကိုင်ခဲ့သမျှ ရေးထားသည်၊ကြွားဘူးနှားဝ၊ ကူးခ စာအုပ်မျိုးမဟုတ်ပါ(၁)ချက်နည်းပြုတ်နည်း ၅၀၀။ (၂)စီးပွားဖြစ်လုပ် နည်းများ (၃)မုန့်လုပ်နည်းမျိုးစုံ (၄)သက်သက်လွတ်ချက်နည်း။

"၄ တွဲပေါင်း"တအုပ်ထည်းနှင့်အပြီး။

○ **CATCH THE WORD:**
**U Ba Thaung (B.A, D.M.A.)**

* အင်္ဂလိပ်စကားလုံး ပိုင်ပိုင်နိုင်နိုင်သုံးနည်း၊ ၅တန်း၊ ၆တန်း၊ ၇တန်း ၈တန်းအထိ၊ လက်ကိုင်ပြုနိုင်သည်၊ အင်္ဂလိပ်စာအတွက် ကြီးစွာသောအ ထောက်အပံ့ကိုရရှိမည့်စာအုပ်၊လက်မလွတ်ပါစေနှင့်။

○ **မေတ္တာဓါတ်လှိုင်းစေလွှတ်နည်း။ ။ဆရာကြီးဇဂုန်နတ်ရှင်**

မေတ္တာဓါတ်၏တန်ခိုးအာနိသင်၊ စိတ်ပညာ၏စွမ်းအား၊ သိပ္ပံနည်းနှင့် မေတ္တာဓါတ်လှိုင်းဖမ်းယူနည်း၊ဗုဒ္ဓ၏မေတ္တာဓါတ်လှိုင်းစေလွှတ်နည်း၊အသုံး တန် ဗဟုသုတများရရှိမည်။

○ **သားဆိုးဖခင်။ ။ဝေသာလီမောင်ဖုန်း**

သားရိုးကိုချတ်သော၊ ဘုရားကျောင်းတကာ အနာထပိဏ်သူဌေးကြီး နှင့် ကာလသတို့သားဇာတ်လမ်းကို ရယ်ရွှင်ဘွယ်ဟာသနှော၍၊ ကွက်စိ စာပြော၊ တသောသောရယ်ရမည့်စာအုပ်၊ ဗဂျီအောင်စိုး၏ သရုပ်ဖော် ပုံများနှင့်၊ သားဆိုးမိခင်ဖခင်တိုင်း ဖတ်ကြည့်ကြစမ်းပါ။